မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁ ] ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက် ( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃ ရက် ) } သောကြာနေ့ [ အတွဲ ၇၃

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၄၆/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

**ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၄၇/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

**ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါဒုတိယဝန်ကြီးများကို **စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများအဖြစ်** ပြောင်းလဲတာဝန်ပေးလိုက်သည်-

(၁) ဦးမောင်မောင်ဝင်း
ဒုတိယဝန်ကြီး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၂) ဦးဆက်အောင်
ဒုတိယဝန်ကြီး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၃) ဒေါက်တာ မင်းရဲပိုင်ဟိန်း
ဒုတိယဝန်ကြီး
စက်မှုဝန်ကြီးဌာန

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်အမှတ် (၄၈/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

### ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၄ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဒေါ်ဝါဝါထွန်း ကို ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၂၂/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)

### ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ ဖြည့်စွက်ဖွဲ့စည်းခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၃/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သော **ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လုပ်ငန်းကော်မတီ** တွင် အောက်ပါပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်-

(၁) ညွှန်ကြားရေးမှူးချုပ်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၂) ညွှန်ကြားရေးမှူးချုပ်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

### ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး၏ သဘောတူညီချက်အရ စက်မှုဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ကို **စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန** အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၂၄/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဒေါက်တာသက်တင်ညွန့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘူမိဗေဒလေ့လာရေးနှင့်<br>ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဘူမိဗေဒလေ့လာရေးနှင့်<br>ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာနီနီဦး<br>ဒုတိယပါမောက္ခချုပ်<br>မြိတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မြိတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာကျော်ထွန်း<br>ဒုတိယပါမောက္ခချုပ်<br>လားရှိုးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>လားရှိုးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၄) | ဒေါက်တာအောင်ဝင်း<br>ဒုတိယပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်<br>(ရတနာပုံဆိုက်ဘာစီးတီး)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်<br>(ရတနာပုံဆိုက်ဘာစီးတီး)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၅) | ဒေါက်တာခင်ထိုက်ထိုက်လွင်<br>ဒုတိယပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (ကျောက်ဆည်)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (ကျောက်ဆည်)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၆) | ဒေါက်တာသန္တာသိန်း<br>ဒုတိယပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (မအူပင်)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (မအူပင်)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

### အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အဓမ္မခိုင်းစေမှုပပျောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန် သက်ဆိုင်သည့်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်မည့် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှု ယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

(င) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(စ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဆ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဇ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဈ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံတော်သမ္မတရုံး

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဖူလုံရေးအဖွဲ့
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဓ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(န) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ပ) တပ်ဖွဲ့မှူး — အဖွဲ့ဝင်
လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဖ) ကိုယ်စားလှယ် — အဖွဲ့ဝင်
စစ်ရေးချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(ဗ) ကိုယ်စားလှယ် — အဖွဲ့ဝင်
စစ်ဥပဒေချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(ဘ) ကိုယ်စားလှယ် — အဖွဲ့ဝင်
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

(မ) အမြဲတမ်းအတွင်းဝန် (အလုပ်သမားရေးရာဆိုင်ရာ) — အတွင်းရေးမှူး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ယ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

၂။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အဓမ္မခိုင်းစေမှု ပပျောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မူဝါဒချမှတ်ခြင်းနှင့် လိုအပ်ပါက အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း၊

(ခ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ခြင်း၊

(ဂ) သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) အဓမ္မခိုင်းစေမှု ပပျောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုကို နိုင်ငံတော်သမ္မတရုံးသို့ နှစ်စဉ်အစီရင်ခံစာ တင်ပြခြင်း၊

(စ) အဓမ္မခိုင်းစေမှု ပပျောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သောလုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဆ) အမှုများနှင့်စပ်လျဉ်း၍ စောင့်ကြည့်စစ်ဆေးရန် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီအစည်းအဝေးကို (၄) လ တစ်ကြိမ် ကျင်းပခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၇/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

**ကော်မတီအဖွဲ့ဝင်များ အစားထိုး လဲလှယ်ဖွဲ့စည်းခြင်း**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် အောက်ပါကော်မတီများမှ ယှဉ်တွဲပါ တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအား အဖွဲ့ဝင်များအဖြစ် အစားထိုးလဲလှယ်ဖွဲ့စည်းလိုက်သည်-

(က) **စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၁၇၃၄၀<br>ဗိုလ်မှူးချုပ်အောင်ကျော်ငြိမ်း | **အစား** | ကြည်း ၁၈၈၄၁<br>ဗိုလ်မှူးချုပ်တင့်ဆန်း |

(ခ) **တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၁၉၅၀၄<br>ဗိုလ်မှူးကြီးနေလင်း | **အစား** | ကြည်း ၁၈၈၅၆<br>ဗိုလ်မှူးချုပ်တင်စန်းနိုင် |

(ပုံ) တီခွန်မြတ်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၂၂/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)

**ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အဖြစ် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်-

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (၁) | ဦးမောင်မောင်လေး | ဥက္ကဋ္ဌ |
| (၂) | ဦးကိုကို | အဖွဲ့ဝင် (၅) |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၂၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အဖြစ် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်-

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (၁) | ဦးနေဝင်း | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်ဆင့် | အဖွဲ့ဝင် (၄) |

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၂၄/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးစိန်လွင် ကို စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌအဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ် လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၂၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)

**တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြောင်းလဲသတ်မှတ်ခြင်း**

၁။ မက်မန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီနပ် သည် ၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် “ဝ” အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရပါသည်။

၂။　ယခုအခါ အဆိုပါ ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်စွဲပါ စာဖြင့် ပါတီ၏တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) တာဝန်နှင့် ပါတီဝင်အဖြစ်မှ မိမိ၏ဆန္ဒသဘောအလျောက် နုတ်ထွက်ကြောင်း အကြောင်းကြားတင်ပြချက်အရလည်းကောင်း၊ "ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်စွဲပါ စာဖြင့် ယင်းလွှတ်တော်ကိုယ်စားလှယ်သည် ပါတီနှင့်သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အကြောင်းကြားတင်ပြချက်အရလည်းကောင်း ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့၌ ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေးအမှတ်စဉ် (၃၆/၂၀၁၉) ၏ ဆွေးနွေးဆုံးဖြတ်ချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဆ)၊ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၇၂ (ဂ) တို့နှင့်အညီ ဦးညီနပ် ကို တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

၁။　အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂပစ္စည်းများ ဝယ်ယူခြင်းအား နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) တွင်ပါရှိသော တင်ဒါလုပ်ငန်းစဉ်ပါအတိုင်း တင်ဒါလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျဝယ်ယူဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကျင်းပ ပြုလုပ်သော ကော်မရှင်အစည်းအဝေးအမှတ်စဉ် (၆၉/၂၀၁၉) ပါ အစည်းအဝေးဆုံးဖြတ်ချက်အရ "အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ တင်ဒါကော်မတီ" အား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဒေါ်လဲ့လဲ့သွင်<br>အဖွဲ့ဝင်<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ဥက္ကဋ္ဌ |
| (ခ) | ဦးသန့်ဇော်<br>ညွှန်ကြားရေးမှူးချုပ်<br>တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးကျော်စိုး<br>ညွှန်ကြားရေးမှူး<br>ဦးစီးရုံး<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးလွင်အောင်<br>ညွှန်ကြားရေးမှူး<br>အုပ်ချုပ်မှုဌာန<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |

(င) ဒေါ်အေးမြတ်မွန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တားဆီးကာကွယ်ရေးဌာန
တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာန

(စ) ဦးထွန်းထွန်းဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အသိပညာပေးရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန
တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာန

(ဆ) ဒေါ်မြမြစန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဘတ်ဂျက်နှင့် ငွေစာရင်းဌာန
စီမံရေးရာဦးစီးဌာန

(ဇ) ဦးထင်ကျော် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
စီမံရေးရာဦးစီးဌာန

၂။ **လုပ်ငန်းတာဝန်။** တင်ဒါကော်မတီ၏လုပ်ငန်းတာဝန်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကျပ် (၁၀) သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန် မလိုအပ်ဘဲ တင်ဒါကော်မတီအနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံး ကုမ္ပဏီ (၃) ခုအား ဈေးနှုန်းအဆိုပြုလွှာတောင်းခံပြီး ဈေးနှုန်းအနည်းဆုံးတင်သွင်းသူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်း၊

(ခ) ကျပ် (၁၀) သန်းမှ ကျပ်သန်း (၁၀၀) အထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းများတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် ရက်သတ္တ (၂) ပတ်ကြိုတင်၍ သိသာထင်ရှားစွာ ကြော်ငြာခြင်း၊

(ဂ) ကျပ်သန်း (၁၀၀) အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားများကို ရှင်းလင်းစွာဖော်ပြပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁) လကြိုတင်၍ နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး (၂) ကြိမ် သိသာထင်ရှားစွာ ကြော်ငြာ၍ တင်ဒါခေါ်ယူနိုင်ရေးနှင့် ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁) လ ကြိုတင်ကြော်ငြာနိုင်ရေးဆောင်ရွက်ခြင်း၊

(ဃ) ဝယ်ယူလိုသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်း ရောင်းချခွင့်ပြုထားသည့် တရားဝင်ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာယှဉ်ပြိုင်တင်ဒါခေါ်ယူ၍ ဝယ်ယူရေး၊ ငွေပေးချေရာတွင်လည်း သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေခြင်း၊

(င) ဆောင်ရွက်မည့်စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(စ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(ဆ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေး၊ စံချိန်စံညွှန်း သတ်မှတ်ပေးခြင်း၊

(ဇ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကန်ထရိုက်စာချုပ်ပါအချက်များ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်များ (ကန်ထရိုက်ဆိုင်ရာအချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(ဈ) တင်ဒါသွင်းရမည့်အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့်အချိန်၊ နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက်သတ်မှတ်ခြင်း၊

(ည) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူများထံမှ လုပ်ငန်းအာမခံကြေး တောင်းခံခြင်း၊

(ဋ) တင်ဒါအောင်မြင်သူများအား ကြော်ငြာခြင်း၊

(ဌ) နမူနာတောင်းခံရန်လိုအပ်သည့် ပစ္စည်းများဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(ဍ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီနှင့် အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီတို့ကိုဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း။

အောင်ကြည်
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

**ရှမ်းပြည်နယ်၊ မူဆယ်မြို့၊ စွမ်စော်ရပ်ကွက်၊ ရွှေသမင်ကွက်သစ်၊ အမှတ် (၆၄၇) ရှိ မြေ (၀. ၃၈၄) ဧကနှင့် အဆောက်အအုံကို ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်း**

၁။ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ အဌမအကြိမ်မြောက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲ၌ ရှမ်းပြည်နယ်၊ မူဆယ်မြို့၊ စွမ်စော်ရပ်ကွက်၊ ရွှေသမင်ကွက်သစ်၊ အမှတ် (၆၄၇) ရှိမြေ (၀. ၃၈၄) ဧကနှင့် အဆောက်အအုံကို အမြင့်ဆုံး အဆိုပြုဈေးနှုန်း ကျပ် ၅၀၁. ၉၉၉၉၉၉ သန်းဖြင့် အဆိုပြုသူ ဦးသီဟအောင် (ခ) ရန်စီမန် (ခ) ရန်ချီ ကို ဝယ်ယူခွင့်ပြုခဲ့ပါသည်။

၂။ ဦးသီဟအောင် (ခ) ရန်စီမန် (ခ) ရန်ချီ သည် အဆိုပါ မြေနှင့် အဆောက်အအုံတန်ဖိုး၏ ၃၀ ရာခိုင်နှုန်း ငွေကျပ် ၁၅၀. ၉၉၉၉၉၉ သန်းကို ၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်နေ့နှင့် တန်ဖိုး၏ ၇၀ ရာခိုင်နှုန်း ငွေကျပ် ၃၅၁. ၀၀၀ သန်းကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တို့တွင် အကျေပေးသွင်းပြီးဖြစ်ပါ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက ဦးသီဟအောင် (ခ) ရန်စီမန် (ခ) ရန်ချီ သို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး စာချုပ်စာတမ်းမှတ်ပုံတင်၍ လွှဲပြောင်းပေးရန် ဖြစ်ပါသည်။

၃။ ဦးသီဟအောင် (ခ) ရန်စီမန် (ခ) ရန်ချီ အနေဖြင့် နိုင်ငံတော်ပိုင် မြေနှင့်အဆောက်အအုံကို ဝယ်ယူရာတွင် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်တို့ ထမ်းဆောင်၍ စာချုပ် ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ပြီးမှသာလျှင် လွှဲပြောင်းရရှိမည်ဖြစ်ပါသည်။

၄။ ရှမ်းပြည်နယ်၊ မူဆယ်မြို့၊ စွမ်စော်ရပ်ကွက်၊ ရွှေသမင်ကွက်သစ်၊ အမှတ် (၆၄၇) ရှိ မြေ (၀. ၃၈၄) ဧကနှင့် အဆောက်အအုံကို ဝယ်ယူသူ ဦးသီဟအောင် (ခ) ရန်စီမန် (ခ) ရန်ချီ ၏ အမည်ပေါက်မြေဂရန် ထုတ်ပေးရေးကို မူဆယ်မြို့နယ်တွင် မြို့မြေစီမံခန့်ခွဲရေးကို တာဝန်ယူဆောင်ရွက်နေသော ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် လွှဲပြောင်းရောင်းချပြီးစီးကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးမှုကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံးသို့ အစီရင်ခံတင်ပြရန်ဖြစ်ပါသည်။

မောင်မောင်ဝင်း
တွဲဖက်အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်)

**ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ အမှတ် (၂၈၀)၊ ကမ်းနားလမ်း၊ မြေညီထပ်ရှိ (၁၈′ × ၁၁′) တိုက်ခန်းကို ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်း**

၁။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ နဝမအကြိမ်မြောက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ အမှတ် (၂၈၀)၊ ကမ်းနားလမ်း၊ မြေညီထပ်ရှိ (၁၈′ × ၁၁′) တိုက်ခန်းကို အမြင့်ဆုံးအဆိုပြုဈေးနှုန်း ကျပ် ၄၆. ၁၀ သန်းဖြင့် အဆိုပြုသူ ဦးမောင်ပိန် ကို ဝယ်ယူခွင့်ပြုခဲ့ပါသည်။

၂။ ဦးမောင်ပိန် သည် အဆိုပါ တိုက်ခန်းတန်ဖိုး၏ ကျပ် ၄၆. ၁၀ သန်းကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် အကျေပေးသွင်းပြီးဖြစ်ပါ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက ဦးမောင်ပိန် သို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး စာချုပ်စာတမ်းမှတ်ပုံတင်၍ လွှဲပြောင်းပေးရန်ဖြစ်ပါသည်။

၃။ ဦးမောင်ပိန် အနေဖြင့် နိုင်ငံတော်ပိုင်တိုက်ခန်းကို ဝယ်ယူရာတွင် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်တို့ ထမ်းဆောင်၍ စာချုပ် ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ပြီးမှသာလျှင် လွှဲပြောင်းရရှိမည်ဖြစ်ပါသည်။

၄။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ အမှတ် (၂၈၀)၊ ကမ်းနားလမ်း၊ မြေညီထပ်ရှိ (၁၈′ × ၁၁′) တိုက်ခန်းကို ဝယ်ယူသူ ဦးမောင်ပိန် ၏ အမည်ပေါက်လွှဲပြောင်းပေးရေးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

၅။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် လွှဲပြောင်းရောင်းချပြီးစီးကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးမှုကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံးသို့ အစီရင်ခံတင်ပြရန်ဖြစ်ပါသည်။

မောင်မောင်ဝင်း

တွဲဖက်အတွင်းရေးမှူး

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၇၁၉/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)

**နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီအား ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(၁) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
နိုင်ငံခြားရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (၂) | ပြည်ထောင်စုဝန်ကြီး<br>အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၁၀) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး | အတွင်းရေးမှူး |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်)

အမှတ် ၇၂၈/၂၀၁၉ ။ မြန်မာသံရုံး၊ ဒါကာမြို့မှ သံအမတ် ဦးအောင်ကျော်မိုး အား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၃၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)

နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်ဝင်း အား အဆိုပါ ဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၃၄/၂၀၁၉)

နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဦး အား မြန်မာသံရုံး၊ မနီလာမြို့သို့ သံအမတ် (Minister) အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၃၅/၂၀၁၉)

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်နိုင် အား ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ နယူးယောက်မြို့သို့ သံအမတ် (Ambassador) အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၃၆/၂၀၁၉ ။ မနီလာမြို့၊ မြန်မာသံရုံးမှ သံမှူးကြီး ဦးတင်ဇော် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၃၇/၂၀၁၉ ။ တိုကျိုမြို့၊ မြန်မာသံရုံးမှ သံမှူးကြီး ဒေါ်ခင်နီလာစိုး အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၃၈/၂၀၁၉ ။ ဗန်ကောက်မြို့၊ မြန်မာသံရုံးမှ သံမှူးကြီး ဦးအောင်ကျော်သူရ အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၃၉/၂၀၁၉ ။ စင်ကာပူမြို့၊ မြန်မာသံရုံးမှ သံမှူး ဒေါ်ထက်ထက်ကြိုင် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဒုတိယညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၄၀/၂၀၁၉ ။ နယူးဒေလီမြို့၊ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဒေါ်မို့ အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၄၁/၂၀၁၉ ။ အော်တာဝါမြို့၊ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဒေါ်ယဉ်မျိုးခိုင် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၄၂/၂၀၁၉ ။ ဗန်ကောက်မြို့၊ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဒေါ်ခင်လပြည့်ထွန်း အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၄၃/၂၀၁၉ ။ ဗီယင်ကျန်းမြို့၊ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဒေါ်ထက်မြတ်လွင် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၄၄/၂၀၁၉ ။ ဘန်ဒါဆရီဘီဂါဝန်မြို့၊ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဒေါ်ထက်ထက်ဇော် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၄၅/၂၀၁၉ ။ ကွာလာလမ်ပူမြို့၊ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဒေါ်ရည်မွန်ဝင်း အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၄၆/၂၀၁၉ ။ တဲလ်အဗီးမြို့၊ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဒေါ်နွယ်နီအေး အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၄၇/၂၀၁၉ ။ တဲလ်အဗီးမြို့၊ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဦးတင်မျိုးကျော် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၄၈/၂၀၁၉ ။ ဗန်ကောက်မြို့၊ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဦးစိုးပြေငြိမ်းချမ်း အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၄၉/၂၀၁၉ ။ ဘရပ်ဆဲလ်မြို့၊ မြန်မာသံရုံးမှ တတိယအတွင်းဝန် ဒေါ်နော်ပနဲဖော အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဌာနစုမှူး (၂) အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၅၀/၂၀၁၉ ။ ချင်းမိုင်မြို့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ တတိယအတွင်းဝန် ဦးမင်းစိန် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဌာနစုမှူး (၂) အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၅၁/၂၀၁၉)

နယူးဒေလီမြို့၊ မြန်မာသံရုံးမှ ဒုတိယအတွင်းဝန် ဦးဝင်းမြင့် အား ကတ္တမန္ဒူမြို့၊ မြန်မာသံရုံးသို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၅၂/၂၀၁၉ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဇော်စိုး အား မြန်မာသံရုံး၊ တဲလ်အဗီးမြို့သို့ သံမှူးကြီးအဖြစ် ပြောင်းရွှေ့ခန့်ထား လိုက်သည်။

အမှတ် ၇၅၃/၂၀၁၉ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စန္ဒာတင် အား မြန်မာသံရုံး၊ တိုကျိုမြို့သို့ သံမှူးကြီးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၅၄/၂၀၁၉ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာလာဝင်း အား မြန်မာသံရုံး၊ ဗန်ကောက်မြို့သို့ ပထမအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၅၅/၂၀၁၉ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးချမ်းလင်း အား မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့သို့ ပထမအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၅၆/၂၀၁၉ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေဇော်မောင်မောင် အား မြန်မာသံရုံး၊ နယူးဒေလီမြို့သို့ ပထမအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၅၇/၂၀၁၉ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေလင်းဦး အား မြန်မာသံရုံး၊ ဒါကာမြို့သို့ ပထမအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၅၈/၂၀၁၉ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန (နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတွဲဖက်) မှ ဌာနစုမှူး (၁) ဦးမျိုးဇော်သောင်း အား မြန်မာသံရုံး၊ ဗန်ကောက်မြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၅၉/၂၀၁၉ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနမှ ဌာနစုမှူး (၁) ဒေါ်စိုးဝတ်ရည်ထူး အား မြန်မာသံရုံး၊ အော်တာဝါမြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၆၀/၂၀၁၉ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ဌာနစုမှူး (၁) ဦးကောင်းထက် အား မြန်မာသံရုံး၊ တဲလ်အဗီးမြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၆၁/၂၀၁၉ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဌာနစုမှူး (၁) ဒေါ်အေးမြတ်ဆု အား မြန်မာသံရုံး၊ ကွာလာလမ်ပူမြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၆၂/၂၀၁၉ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ဌာနစုမှူး (၁) ဒေါ်ဆုရည်မွန်စိုး အား မြန်မာသံရုံး၊ စင်ကာပူမြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၆၃/၂၀၁၉ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဌာနစုမှူး (၁) ဒေါ်ဆုလှိုင်အေး အား မြန်မာသံရုံး၊ ဘန်ဒါဆရီဘီဂါဝန်မြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၆၄/၂၀၁၉ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဌာနစုမှူး (၁) ဒေါ်သိမ့်လင်းသူ အား မြန်မာသံရုံး၊ ဗန်ကောက်မြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၆၅/၂၀၁၉ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာနမှ ဌာနစုမှူး (၁) ဒေါ်သက်ဝေယံငွေး အား မြန်မာသံရုံး၊ နယူးဒေလီမြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၆၆/ ၂၀၁၉ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနမှ ဌာနစုမှူး (၁) ဒေါ်သက်ဆိုင်ချစ်ဆု အား မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

အမှတ် ၁၃၀ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ အခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများ အခန်း (၆)၊ နည်းဥပဒေ (၂၃)၊ (၂၄) အရလည်းကောင်း ဗီဒီယိုလုပ်ငန်းများစိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော မွန်ပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်-

**မွန်ပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဦးလှဝင်းတင် — ဥက္ကဋ္ဌ
ပြည်နယ်အုပ်ချုပ်ရေးမှူး
မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) ရဲမှူးကြီးသက်နိုင် — အဖွဲ့ဝင်
ပြည်နယ်ရဲတပ်ဖွဲ့မှူး
မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး

(ဂ) ဦးဇွဲဇော်ဇော် — အဖွဲ့ဝင်
ပြည်နယ်မန်နေဂျာ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(ဃ) ဒေါ်သစ်သစ်ဝင်း — အဖွဲ့ဝင်
ပြည်နယ်ဥပဒေအရာရှိ
မွန်ပြည်နယ်ဥပဒေချုပ်ရုံး

(င) ဦးမြင့်အောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(စ) ဒေါ်အေးအေးမော် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မွန်ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ

(ဆ) ဒေါ်မြင့်မြင့်ခိုင် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
မွန်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ဒေါက်တာဖေမြင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၄၄၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

၁။ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့၊ အမှတ် (၂) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၃-က/ပြောင်းပြာ)၊ ဦးပိုင်အမှတ် (၅-က)၊ **မြေဧရိယာ ၀. ၄၀ ဧက** ရှိမြေအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ **မြင်းခြံခရိုင်/မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည် အပ်နှံရမည်။

### အမိန့်ကြော်ငြာစာ (၄၄၂/၂၀၁၉)

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့၊ ဝင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၂၀-ဝင်းရပ်)၊ ဦးပိုင်အမှတ် (၁၂၂/၁၀)၊ မြေကွက်အမှတ် (၂၀၁/၃၂၁)၊ **မြေဧရိယာ ၀. ၀၅၅ ဧက** ရှိမြေအား ပြည်ထဲရေးဝန်ကြီးဌာန၊ **ညောင်ရွှေမြို့နယ်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန် အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ ပြည်ထဲရေးဝန်ကြီးဌာနသို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

### (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာ (၄၄၃/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရန် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့နယ်၊ မင်းရဲကျော်စွာ+ကျန်စစ်သားရပ်ကွက်၊ ကွင်းအမှတ်/အမည် (၈၄၁ A/ဉက္ကံအရှေ့ကွင်း)၊ မြေအမျိုးအစား - $R_2$ + $R_3$၊ ဦးပိုင်အမှတ် (၅/၁၊ ၇၉၊ ၈၀/၁) ရှိ **မြေဧရိယာ ၇. ၄၄ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁၄၁၈/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည် အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၇. ၄၄ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

### (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာ (၄၄၄/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရန် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့နယ်၊ ဗောဓိကုန်းရပ်ကွက်၊ ကွင်းအမှတ်/အမည် (၇၄၇/အင်းကလားကွင်း)၊ မြေအမျိုးအစား - သိုလှောင်ရုံမြေ၊ ဦးပိုင်အမှတ် (၄၉^၁) ရှိ **မြေဧရိယာ ၇. ၁၅ ဧက** ကို နိုင်ငံတော်သို့

ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁၄၁၉/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့် ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၇. ၁၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၄၅/၂၀၁၉)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနသို့ လွှဲပြောင်းပေးရန် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ အမှတ် (၁၃) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၁၅/ ချမ်းမြေ့သာယာကွင်း)၊ မြေအမျိုးအစား - မြို့မြေ၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (၇၃/၁၇၀)/(၇၉) ရှိ **မြေဧရိယာ ၆. ၂၂၅ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်စွဲပါ စာအမှတ်၊ ၁၄၃၄/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့် ပြုခဲ့ပါသည်။

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၆. ၂၂၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၄၆/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရန် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ အမှတ် (၁) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၄/လက်ပံကုန်းကွင်း)၊ မြေအမျိုးအစား - မြို့မြေ၊ ဦးပိုင်အမှတ် (၃/က) ရှိ **မြေဧရိယာ ၅. ၀၀ ဧက** ကို နိုင်ငံတော်သို့ ပြန်လည် စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁၄၁၇/ ၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၅. ၀၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၄၇/၂၀၁၉)

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်၊ ရွှေပြည်သာကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၇၉၀က/ ဝဲကြီးကွင်း)၊ မြေအမျိုးအစား - လယ်မြေ၊ ဦးပိုင်အမှတ် (၂၀၄၊ ၂၀၅၊ ၂၀၇) ရှိ **မြေဧရိယာ ၃. ၆၀ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁၄၁၂/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့် ပြုခဲ့ပါသည်။

၂။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃. ၆၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၄၈/၂၀၁၉)

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်၊ အေလာကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - ၁၇၈၄/ ဇီးတော်ကုန်းကွင်း၊ ၁၇၈၅ ᵏ/ထောက်ကျန့်တောင်ကွင်း၊ မြေအမျိုးအစား - စက်ရုံမြေ၊ ဦးပိုင်အမှတ် (N၁) ရှိ **မြေဧရိယာ ၃. ၆၀ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁၄၁၁/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃. ၆၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၄၉/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရန် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၅၈၃/ တပ်ကြီးကုန်းကွင်း)၊ မြေအမျိုးအစား - ဥယျာဉ်မြေ၊ ဦးပိုင်အမှတ် - ၂၁/၂ ရှိ **မြေဧရိယာ ၂. ၈၇ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁၄၁၆/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့် ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၂. ၈၇ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၅၀/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက မုဒုံမြို့နယ်တရားရုံးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ တည်ဆောက်ရန် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်၊ မြို့မ (၃) ရပ်ကွက်၊ ကွင်းအမှတ်/အမည် - ၈၄၄/မုဒုံကွင်း၊ မြေအမျိုးအစား - အဆောက်အဦမြေ၊ ဦးပိုင်အမှတ် (၂၆၅ ᵃ) ရှိ **မြေဧရိယာ ၀. ၈၁ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်စွဲပါ စာအမှတ်၊ ၁၄၃၃/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၈၁ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၅၄/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)

၁။ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ အကွက်အမှတ်/အမည် - ၇၂/ မောင်ငံအကွက်၊ ဦးပိုင်အမှတ် (၁၂ᵏ) ရှိ မြေဧရိယာ ၃. ၇၇၈ ဧက အနက်မှ **၀. ၃၀၄ ဧက** အား **ငါးလုပ်ငန်းဦးစီးဌာန၊ မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန** ရုံးမြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၅၅/၂၀၁၉)

၁။ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့၊ သီရိခေမာရပ်ကွက်၊ အကွက်အမှတ်/အမည် - ၄ᵃ/ သီရိခေမာရပ်အကွက်၊ ဦးပိုင်အမှတ် (၅ᵏ)၊ မြေကွက်အမှတ် (၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄) ရှိ **မြေဧရိယာ ၁. ၅၀၇ ဧက** အား **လမ်းဦးစီးဌာန၊ ရေးမြို့နယ်လမ်းဦးစီးဌာန၊ စတိုဝင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ဆောက်လုပ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ဆောက်လုပ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၅၆/၂၀၁၉)

၁။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ အလယ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်/ အမည် - ၁၂၅၈ˢ/သရက်လေးပင်ကွင်း၊ ဦးပိုင်အမှတ် (၂၉၈၇/၇၊ ၂၉၈၇/၈၊ ၂၉၈၇/၉၊ ၂၉၈၇/၁၀) ရှိ **မြေဧရိယာ ၀. ၄၄၀ ဧက** အား **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန** ရုံးမြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့် မြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၅၇/၂၀၁၉)

၁။ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ မယ်စဲမြို့၊ တောင်ပိုင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၅/အာစီကျောင်း)၊ ဦးပိုင်အမှတ် (၁)၊ မြေကွက်အမှတ် (၃၅၁)၊ **မြေဧရိယာ ၀. ၆၈၈ ဧက** ရှိမြေအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ **မယ်စဲမြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ ဦးစီးမှူးရုံးနှင့် မူလတန်းကြိုကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်း ပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၅၈/၂၀၁၉)

၁။ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်၊ အကွက်အမှတ်/အမည် - ၂/ နာဇီ အနောက်အကွက်၊ ဦးပိုင်အမှတ် (၇၇) မှ မြေဧရိယာ ၀. ၈၉၈ ဧကနှင့် ဦးပိုင်အမှတ် (၁၁၇-ဍ) မှ မြေဧရိယာ

၀. ၀၂၀ ဧက၊ **စုစုပေါင်းမြေဧရိယာ ၀. ၉၁၈ ဧက** အား **ဗဟိုစာရင်းအင်းအဖွဲ့၊ ရခိုင်ပြည်နယ်ဗဟိုစာရင်းအင်းအဖွဲ့ရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၅၉/၂၀၁၉)

၁။ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ မယ်စဲမြို့၊ မြောက်ပိုင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁/မြောက်ကုန်း)၊ ဦးပိုင်အမှတ် (၄၅)၊ မြေကွက်အမှတ် (၆၈)၊ **မြေဧရိယာ ၀. ၄၅၉ ဧက** ရှိမြေအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ **မယ်စဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၆၀/၂၀၁၉)

၁။ ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ လင်းခေးမြို့နယ်၊ ဝမ်ဟတ်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁-ဝမ်ဟတ်ရွာအရှေ့)၊ ဦးပိုင်အမှတ် (၁၇၀)၊ **မြေဧရိယာ ၀. ၅၇၀ ဧက** ရှိမြေအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း **ဝမ်ဟတ်လျှပ်စစ်မှူးရုံး၊ ဝန်ထမ်းအိမ်ရာ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၆၁/၂၀၁၉)

၁။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ အမ်းမြို့၊ ဈေးရပ်ကွက်၊ အကွက်အမှတ်/အမည် - ၂/ဈေးအကွက်၊ ဦးပိုင်အမှတ် (၂၀) ရှိ **မြေဧရိယာ ၁၈. ၇၅ ဧက** အား **လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ (၂၃၀/၃၃) ကေဗွီ အမ်းပင်မဓာတ်အားခွဲရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၆၂/၂၀၁၉)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့၊ မြို့မရပ်ကွက်၊ ကွင်းအမှတ်/အမည် - ၃၇၃/သရက်ချောင်းအေကွင်း၊ မြေကွက်အမှတ် (1982)၊ **မြေဧရိယာ ၀. ၀၆ ဧက** အား **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သရက်ချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန** ရုံးမြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၆၃/၂၀၁၉)

၁။ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့၊ သီရိခေမာရပ်ကွက်၊ အကွက်အမှတ်/အမည် - ၆က/ သီရိခေမာရပ်အကွက်၊ ဦးပိုင်အမှတ် (၂၇)၊ မြေကွက်အမှတ် (၄၈) ရှိ **မြေဧရိယာ ၀. ၈၀၂ ဧက** အား **လမ်းဦးစီးဌာန၊ ရေးမြို့နယ်လမ်းဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့် ဆင့်ဆိုချက် ၃၃၂ အရ **ဆောက်လုပ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ဆောက်လုပ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၆၄/၂၀၁၉)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ ဆန်းချီရပ်ကွက်၊ အကွက်အမှတ်/အမည် - ၂၄/တိုးချဲ့မြို့ကွက်သစ်၊ ဦးပိုင်အမှတ် (၁၆၈၊ ၁၆၉၊ ၁၇၀၊ ၁၇၁၊ ၁၇၂၊ ၁၇၃၊ ၁၇၄၊ ၁၇၅၊ ၁၇၆၊ ၁၇၇၊ ၁၉၈၊ ၁၉၉၊ ၂၀၀၊ ၂၀၁၊ ၂၀၂၊ ၂၀၃၊ ၂၀၄၊ ၂၀၅၊ ၂၀၆၊ ၂၀၇) တို့ရှိ **မြေဧရိယာ ၁. ၁၀၀ ဧက** အား **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန** ရုံးမြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့် မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၆၅/၂၀၁၉)

၁။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အကွက် အမှတ်နှင့် အမည် (၂၅/တဲကြီးတန်း) ဦးပိုင်အမှတ် (၂က)၊ **မြေဧရိယာ ၀. ၉၁၈ ဧက** ရှိမြေအား ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ **ရမည်းသင်းခရိုင်/မြို့နယ် တရားရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၆၆/၂၀၁၉)

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ ဘိုးပိုက်ဆံ (၅) ရပ်ကွက်၊ ကွင်းအမှတ်/ အမည် - ၁၂၀ B/W/ ဖဒိုအရှေ့ကွင်း၊ ဦးပိုင်အမှတ် (၂၇/၄) ရှိ **မြေဧရိယာ ၂၇. ၃၅ ဧက** အား **မြန်မာ့သစ် လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ အမှတ် (၉၁) သစ်စက်** မြေနေရာအဖြစ် အသုံးပြုရန် အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၆၇/၂၀၁၉)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့၊ နောင်ပကျစ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၃/နောင်ပကျစ်အနောက်)၊ ဦးပိုင်အမှတ် (၂၂၃)၊ **မြေဧရိယာ ၃. ၆၄၈ ဧက** ရှိမြေအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ **မြို့နယ်အားကစားကွင်း (ဟုမ္မလင်းမြို့)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၆၈/၂၀၁၉)

၁။ ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ လင်းခေးမြို့နယ်၊ ပုန်းထွန်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၀-ပုန်းထွန်ရွာမ)၊ မြေကွက်အမှတ် (၂၇)၊ **မြေဧရိယာ ၀. ၄၅၉ ဧက** ရှိမြေအား ပြည်ထဲရေး ဝန်ကြီးဌာန၊ **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (လင်းခေးခရိုင်ရုံး)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ ပြည်ထဲရေးဝန်ကြီးဌာနသို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်ခွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၆၉/၂၀၁၉)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ဇေယျဝတီမြို့၊ မြို့မ (၃) ရပ်ကွက်၊ ကွင်းအမှတ်/ အမည် - ၂၆၆ -ခ/ လင်းယောခင်အနောက်ကွင်း၊ မြေကွက်အမှတ် ( ၁၀၉၅ / ၁၅၆၁ ) ရှိ **ဗောဓိကျောင်းတိုက် အခွန်လွတ်သာသနာမြေဧရိယာ** ၀. ၇၁ ဧကအနက်မှ **၀. ၀၅ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန် အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ-၃၄ နှင့်အညီ **ဦးမောင်မောင်သောင်း [၇/တငန (နိုင်) ၀၅၃၃၁၉]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၇၀/၂၀၁၉)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ လက်ပန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - ၃၄၅/နိဗ္ဗာန်ကွင်း၊ ဦးပိုင်အမှတ် (၃ᵃ/၂) နှင့် (၃ᵇ/၂) တို့ရှိ **စိတ္တာလက်ာရဘုန်းတော်ကြီးကျောင်း အခွန်လွတ်သာသနာ မြေဧရိယာ ၀. ၃၅ ဧက** အနက်မှ **ဧရိယာ ၀. ၀၄ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ - ၃၄ နှင့်အညီ **သိမ်ဒါယကာ ဦးကျော်အေး [၁၀/ကမရ (နိုင်) ၀၂၆၇၃၁]** အား ဗဒ္ဓသိမ် မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၇၁/၂၀၁၉)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်ကွက်၊ အကွက်အမှတ်/အမည် - (၉၅/ဆင်ခြေဘုန်းအကွက်)၊ ဦးပိုင်အမှတ် (၁၅၄၀၊ ၁၅၄၁၊ ၁၅၄၂၊ ၂၁၀၃) ရှိ **မညဗျူဟာဘုန်းတော်ကြီးကျောင်း အခွန်လွတ်သာသနာ့မြေဧရိယာ ၀. ၂၉၄ ဧက** အနက်မှ **၀. ၀၄၆ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန် အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ-၃၄ နှင့်အညီ **ဦးကျော်စိုး [၁၀/မလမ (နိုင်) ၀၁၃၅၈၇]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၇၂/၂၀၁၉)

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဈေးတန်းရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့် အမည် (ကွင်းပြင်ပ)၊ ဦးပိုင်အမှတ် (-)၊ ခန့်မှန်းမြေပုံညွှန်း (93-C/2၊ F-635194) ရှိ **သာသနဝံသ ကျောင်းတိုက် အခွန်လွတ်သာသနာမြေဧရိယာ ၂. ၄၅ ဧက** အနက်မှ **၀. ၁၂၈ ဧက**ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ ဦးခင်မောင်ဝင်း [၉/ကဆန (နိုင်) ၀၁၈၃၂၆]၊ မင်းရပ်၊ ကျောက်ဆည်မြို့ နေသူအား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၇၃/၂၀၁၉)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ ဝါးချက်ကျေးရွာအုပ်စု၊ ကွင်း/အကွက် အမှတ်နှင့် အမည် (၇၇၆/ဝါးချက်တောင်)၊ ဦးပိုင်အမှတ် (၅၃) ရှိ **အာကာသကျချောင်ကျောင်းတိုက်** မူလသာသနာမြေဧရိယာ **၀. ၉၈ ဧက** အနက်မှ **ဦးပိုင်အမှတ် (၅၃/၂) ရှိ မြေဧရိယာ ၀. ၀၃ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက် မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ ဦးအုန်းမြိုင် [၃/ဘအန (နိုင်) ၀၃၉၄၇၈]၊ ရွှေကင်းမြို့သစ်၊ ဘားအံမြို့နေသူအား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၇၄/၂၀၁၉)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇၇၈/သောတာပန်တောင်)၊ မြေကွက်အမှတ် (၅၄/၆၀၂) ရှိ **မဟာဝိသုတာရာမကျောင်းတိုက်** အခွန်လွတ်သာသနာမြေဧရိယာ **၀. ၄၀၀ ဧက** အနက်မှ **မြေကွက်အမှတ် (၅၄/၆၁၆) ရှိ မြေဧရိယာ ၀. ၀၂ ဧက** ကို ဗုဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ ဒေါက်တာလှဲလှဲဦး [၁/မကတ (နိုင်) ၀၁၄၇၈၂]၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်နေသူအား ဗုဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာ (၄၇၅/၂၀၁၉)

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် မကွေး တိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်၊ ကျောက်ထုမြို့၊ မြို့မရပ်ကွက်၊ ကွင်းအမှတ်/အမည် (၈၈/ ကျောက်ထုရွာမကွင်း၊ ၈၇/နတ်ရဲရွာမကွင်း၊ ၈၄/နတ်ရဲတောင်ကွင်း၊ ၈၄/၂၆၈/မြို့ပေါက်ရွာမကွင်း၊ ၈၂/ယောမြို့ရွာမကွင်း)၊ မြေအမျိုးအစား - လယ်၊ ယာ၊ မြေလွတ်/မြေလပ်၊ ဦးပိုင်အမှတ် (၃၃၂) ခုရှိ **မြေဧရိယာ ၃၅၂. ၁၁ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟို ကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ၇၀၉/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃၅၂. ၁၁ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာ (၄၇၆/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၊ ကွင်းအမှတ်/အမည် (၇၉၇/ရွာထောင်အရှေ့ကွင်း)၊ မြေအမျိုးအစား - မြို့မြေ၊ ဦးပိုင်အမှတ်/မြေကွက် အမှတ် (က/၁၄၆-ခ) ရှိ **မြေဧရိယာ ၄. ၃၁၆ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှု အပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ၆၉၅/၁-ကော်မတီ/ မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၄. ၃၁၆ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၇၇/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့၊ ရွှေပြည်ရန်နိုင် ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၃၉/ရွှေပြည်ရန်နိုင်ကွင်း)၊ မြေအမျိုးအစား - မြို့မြေ၊ ဦးပိုင်အမှတ်/မြေကွက် အမှတ် (၁၈၈/-) ရှိ **မြေဧရိယာ ၄. ၁၀၅ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်

စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်စွဲပါ စာအမှတ်၊ ၄၆၃/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၄. ၁၀၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၇၈/၂၀၁၉)

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉၉၆ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်စွဲပါ မြေလွှဲအမိန့်ကြော်ငြာစာဖြင့် ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ ပလက်ဝမြို့နယ်၊ ဆမီးကျေးရွာ၊ ဦးပိုင်အမှတ် (၁) ရှိ မြေဧရိယာ ၉. ၈၆ ဧက၊ ပွီစုန်းကျေးရွာ၊ ဦးပိုင်အမှတ် (၁) ရှိ၊ မြေဧရိယာ ၁၄. ၆၀ ဧက၊ သံတောင်ကျေးရွာ၊ ဦးပိုင်အမှတ် (၁) ရှိ မြေဧရိယာ ၇. ၇၄ ဧက၊ **စုစုပေါင်းမြေဧရိယာ ၃၂. ၂၀ ဧက** အား ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့ပြီး ဆမီးကျေးရွာ၊ ဆမီးကွင်း၊ မြေအမျိုးအစား - မြို့မြေ၊ ဦးပိုင်အမှတ် (၁) ရှိ မြေဧရိယာ ၉. ၈၆ ဧကအနက်မှ မြေဧရိယာ ၃. ၈၆ ဧကကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက်စွဲပါ စာအမှတ်၊ ၈၀၃/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃. ၈၆ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

၃။ ပြည်ထဲရေးဝန်ကြီးဌာန၏ မြေလွှဲအမိန့်ကြော်ငြာစာဖြင့် လွှဲပြောင်းပေးခဲ့သော **မြေဧရိယာ ၃၂. ၂၀ ဧက** အနက် ပြန်လည်စွန့်လွှတ်ပြီး **ကျန်မြေဧရိယာ ၂၈. ၃၄ ဧက** ကို ပြည်ထဲရေးဝန်ကြီးဌာနမြေအဖြစ် အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

၄။ ပြည်ထဲရေးဝန်ကြီးဌာနမြေအဖြစ် အသုံးပြုရန်အမိန့်ပြင်ဆင်သတ်မှတ်သည့် **မြေဧရိယာ ၂၈. ၃၄ ဧက** ကို ပြည်ထဲရေးဝန်ကြီးဌာနမှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၇၉/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ ကျောက်တော်မြို့၊ ပိုက်သည်ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၇၂၃-က/မြို့သစ်တောင်ကွင်း)၊ မြေအမျိုးအစား - G (ခြံမြေ) ဦးပိုင်အမှတ် (၁၄၃/၂)၊ မြေကွက်အမှတ် (-) ရှိ **မြေဧရိယာ ၃. ၇၈ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်စွဲပါ စာအမှတ်၊ ၇၁၃/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃. ၇၈ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

မင်းသူ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

**မြောက်ဦးယဉ်ကျေးမှုနယ်မြေစီမံခန့်ခွဲရေးအဖွဲ့တွင် အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၇၀၈ (၁၁၄၁)/၁၄/ သမ္မတရုံးအရ **မြောက်ဦးယဉ်ကျေးမှုနယ်မြေစီမံခန့်ခွဲရေးအဖွဲ့** တွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ် (၅) ဦးအား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်-

(က) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး — အဖွဲ့ဝင်
လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

(ခ) ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံး — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဂ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ဒေါက်တာစောမြအောင်ဖောင်ဒေးရှင်း

(ဃ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ရခိုင်သဟာရအသင်း

(င) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့

သူရဦးအောင်ကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၉၈/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၁၄၈၄၇/ ၅ - ၁၅၀/အစရ (ရှမ်း) ပါ ညှိနှိုင်းချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၀၂၀/၆၆၉ - မြေတိုင်း/အဖရ (၂၀၁၉) ပါ အတည်ပြုချက်အရ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်အတွင်းရှိ လွိုင်လင်မြို့၊ နမ့်စန်မြို့နှင့် ကာလိမြို့တို့အား မြေကြီးမြေပုံ တိကျမှန်ကန်မှု ရှိစေရေးအတွက် မြို့နယ်နိမိတ် မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၁၈၈၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတော်မြေနယ်သတ်အက်ဥပဒေ (The Burma Boundary Act 1880) ၏ ပုဒ်မ (၂) အရ လွိုင်လင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး**၊ နမ့်စန်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး** နှင့် ကွန်ဟိန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

**မြို့နယ်အုပ်ချုပ်ရေးမှူး** တို့အား **နယ်နိမိတ် သတ်မှတ်ရေးအရာရှိ** (Boundary Officer) အဖြစ်လည်းကောင်း၊ လှိုင်လင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူး၊ နမ့်စန်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး** နှင့် ကွန်ဟိန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး** တို့အား **နယ်နိမိတ် ကြပ်မတ်ရေးအရာရှိ** (Demarcation Officer) အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

ဒေါက်တာအောင်သူ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

### မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပြန်လည်သိမ်းဆည်းခြင်းမှ ပယ်ဖျက်ခြင်း

ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ သုံးဆယ်ကျေးရွာအုပ်စုအတွင်းရှိ ယခင်ဗဟိုအဖွဲ့မှ ဦးတင်စိုး (ခ) တင်စိုးလင်း (ပွင့်ကောင်းနှင့် ခင်နွဲ့ရီကုမ္ပဏီ) အား ခွင့်ပြုခဲ့သည့် မြေဧရိယာ ၂၈၅. ၇၀ ဧကအနက် ဖော်ထုတ်သတ်မှတ်ကာလ (၄) နှစ်အတွင်း လုံးဝဖော်ထုတ်စိုက်ပျိုးခြင်း မရှိဟု အထူးအဖွဲ့များ၏ စိစစ်တင်ပြချက်အရ မြေဧရိယာ ၆၈. ၇၀ ဧကကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၈ ဖြင့် ပြန်လည်ရုပ်သိမ်းခဲ့ပါသည်။ အဆိုပါ သိမ်းဆည်းခဲ့သည့် မြေဧရိယာကို ကော်ဖီ၊ အရိပ်ရသစ်မာစိုက်ခင်း၊ လုပ်ငန်းသုံးအဆောက်အဦများနှင့် ကုန်ထုတ်လမ်းများအဖြစ် အသုံးပြုထားမှုအား အထူးအဖွဲ့များမှ ဖော်ထုတ်မှုမရှိဟု မှားယွင်းတင်ပြခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၂/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ၎င်းမြေဧရိယာ ၆၈. ၇၀ ဧကကို လုပ်ပိုင်ခွင့်ရုပ်သိမ်းခြင်းအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)

### ရန်ကုန်တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၃-က၊ ပုဒ်မ ၁၇ တို့အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၈ ဖြင့် ဖွဲ့စည်းပေးခဲ့သော **ရန်ကုန်တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

**ရန်ကုန်တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး<br>တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက် (လုပ်ငန်း)<br>တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၄) | တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | တိုင်းဒေသကြီးမန်နေဂျာ<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (၁၁) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | တိုင်းဒေသကြီး ရုံးခွဲတာဝန်ခံ<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဦးမောင်မောင်<br>အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၄) | ဦးယဉ်အေး<br>အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၅) | ဒေါ်ဖြူဖြူအေး<br>တောင်သူလယ်သမားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၆) | ဦးမန်းသန်းဝင်းဦး<br>ဒေသခံတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၇) | ဦးဇော်မင်း<br>သင့်လျော်သည့်ပညာရှင်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၈) | ဦးအေးမြင့်<br>သင့်လျော်သည့်ပညာရှင်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၉) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အတွင်းရေးမှူး |

၂။ တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဧက ၃၀၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်းတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံနှင့် စက်မှုကုန်ကြမ်း ရာသီသီးနှံတို့အတွက်လည်းကောင်း၊ ဧက ၅၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို မွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ သဘောထားမှတ်ချက်ရယူ၍ စိစစ်ခြင်း၊ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားသောကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခြင်း၊ သဘောထားမှတ်ချက်ပြုခြင်း၊ လုပ်ငန်းစာတွဲများကို ဦးစီးဌာနများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန် ပေးပို့ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ သဘောထားမှတ်ချက်တင်ပြတောင်းခံခြင်း၊

(ဃ) စိုက်ပျိုးရေးလုပ်ငန်းအတွက် ဧက ၃၀၀ အထက်လျှောက်ထားခြင်း၊ မွေးမြူရေးလုပ်ငန်းအတွက် ဧက ၅၀ အထက် လျှောက်ထားခြင်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းအတွက် လျှောက်ထားခြင်း၊ အစိုးရကခွင့်ပြုသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများအတွက် လျှောက်ထားခြင်း များကို စိစစ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(င) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၁၀-က၊ ပုဒ်မခွဲ (ခ) ပြဋ္ဌာန်းချက်ပါ ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာအရ သတ်မှတ်မြေများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရာတွင် မပါရှိစေရေး စိစစ်သတ်မှတ်ဆောင်ရွက်ခြင်း၊

(စ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၁၀-က၊ ပုဒ်မခွဲ (ဂ) ပြဋ္ဌာန်းချက်ပါ အများပြည်သူနှင့် တိုင်းရင်းသားများဆိုင်ရာ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့အတွက် လက်ရှိအသုံးပြုထားသည့်မြေများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရာတွင် မပါရှိစေရေး စိစစ်သတ်မှတ်ဆောင်ရွက်ခြင်း၊

(ဆ) ဗဟိုကော်မတီနှင့် တိုင်းဒေသကြီးစီမံခန့်ခွဲရေးကော်မတီသို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ကွင်းဆင်းစိစစ်ဆောင်ရွက်ရမည့် သီးခြားအဖွဲ့ ဖွဲ့စည်းပေးရန် ဗဟိုကော်မတီသို့ အဆိုပြုအမည်စာရင်းတင်ပြခြင်း၊

(ဇ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက သဘာဝဘေးအန္တရာယ် ကြောင့်သော်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော အခြားအခြေအနေကြောင့်သော် လည်းကောင်း၊ ကုန်လွန်သွားသည့်အချိန်အတွက် သတ်မှတ်ထားသော ဖော်ထုတ်လုပ်ကိုင်အသုံးပြု ရမည့်ကာလတိုးမြှင့်ပေးစေလိုကြောင်း ဖော်ထုတ်ခွင့်ပြုကာလမကုန်ဆုံးမီ တင်ပြလာပါက ကွင်းဆင်း စစ်ဆေး၍ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(စျ) ယခင်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား မူလခွင့်ပြုထားသည့်ကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်းမရှိသေးသဖြင့် ပြန်လည်သိမ်းယူရမည့် ကိစ္စရပ်များတွင် ဗဟိုကော်မတီ၏ညွှန်ကြားချက်အတိုင်း ကွင်းဆင်းစိစစ်၍ သဘောထားမှတ်ချက် နှင့်အတူ ဗဟိုကော်မတီသို့ ပြန်လည်တင်ပြခြင်း၊

(ည) ဗဟိုကော်မတီနှင့် တိုင်းဒေသကြီးစီမံခန့်ခွဲရေးကော်မတီမှ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လုပ်ငန်းအမှန်တကယ်ဖော်ထုတ်လုပ်ကိုင်ပြီးစီးမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရမည့် အထူးအဖွဲ့ ဖွဲ့စည်းပေးရန် ဗဟိုကော်မတီသို့ အဆိုပြု အမည်စာရင်းတင်ပြခြင်း၊

(ဋ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ အာမခံကြေးပေးသွင်း ခြင်းနှင့် အာမခံကြေးပြန်လည်ထုတ်ပေးခြင်းဆိုင်ရာကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ခြင်း၊

(ဌ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် မြေခွန်စည်းကြပ်ကောက်ခံခြင်း ဆိုင်ရာကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

(ဍ) ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို ပြန်လည်ရယူခြင်းအတွက် လျော်ကြေးပေးရန် ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

(ဎ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

ဒေါက်တာအောင်သူ
ဥက္ကဋ္ဌ
မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၉၇/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

၁။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့၌ (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄။) ဖြင့် ပြဋ္ဌာန်းခဲ့သည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ မိုးကုတ်ရတနာနယ်မြေတွင် တူးဖော်ရရှိသော ကျောက်မျက်ရိုင်းများအပေါ် တွင်းဝခွန်ကောက်ခံနိုင်ရန်အတွက် မိုးကုတ်အရှေ့ပိုင်းတန်ဖိုးဖြတ်အဖွဲ့၊ မိုးကုတ်အနောက်ပိုင်းတန်ဖိုးဖြတ်အဖွဲ့တို့ကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် ကျင်းပသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (သတ္တုရေးရာ) ၏ (၃၄/၂၀၁၉) ကြိမ်မြောက်အစည်းအဝေးမှ သဘောတူဆုံးဖြတ်ချက်အရ အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **တန်ဖိုးဖြတ်အဖွဲ့ (မိုးကုတ်အရှေ့ပိုင်း)**

(၁) ဦးဝင်းဗိုလ် — ဥက္ကဋ္ဌ
လက်ထောက်အထွေထွေမန်နေဂျာ
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

(၂) ဦးလှမျိုးအောင် — အဖွဲ့ဝင်
တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စားလှယ်

(၃) ဦးနိုင်လင်းဇော် — အဖွဲ့ဝင်
လက်မှုကျွမ်းကျင်-၁ (ကျောက်ရွေး)
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

(၄) ဦးဆန်းထူး — အဖွဲ့ဝင်
မြို့နယ်အခွန်ဦးစီးဌာနမှူး
မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန၊ မိုးကုတ်မြို့

(၅) ဦးရမ်းဗဟာဒူး — အဖွဲ့ဝင်
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

(၆) ဦးချို့ထူး — အဖွဲ့ဝင်
ကျောက်စိမ်း၊ ကျောက်မျက်ကျွမ်းကျင်သူလုပ်ငန်းရှင်

(၇) ဦးသင်းဆွေတင့် — အတွင်းရေးမှူး
လက်ထောက်မန်နေဂျာ
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

(ခ) **တန်ဖိုးဖြတ်အဖွဲ့ (မိုးကုတ်အနောက်ပိုင်း)**

(၁) ဦးဇင်မင်းထွန်း — ဥက္ကဋ္ဌ
မန်နေဂျာ
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

(၂) ဦးဇော်မင်းဦး — အဖွဲ့ဝင်
တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စားလှယ်

(၃) ဦးဇော်နိုင်ထွန်း — အဖွဲ့ဝင်
လက်မှုကျွမ်းကျင်-၁ (ကျောက်ရွေး)
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

(၄) ဦးအောင်ဝင်းထွန်း — အဖွဲ့ဝင်
ဒုတိယဦးစီးမှူး
မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန၊ မိုးကုတ်မြို့

(၅) ဦးဟိုမနပ်　　အဖွဲ့ဝင်
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

(၆) ဦးထွန်းဦး　　အဖွဲ့ဝင်
ကျောက်စိမ်း၊ ကျောက်မျက်ကျွမ်းကျင်သူလုပ်ငန်းရှင်

(၇) ဒေါ်ခိုင်ဝေဝေအောင်　　အတွင်းရေးမှူး
လက်ထောက်မန်နေဂျာ
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

၂။ သတ္တုတွင်းဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၄/၂၀၁၃ ဖြင့် ထုတ်ပြန်ထားသော မိုးကုတ်ရတနာနယ်မြေတန်ဖိုးဖြတ်အဖွဲ့ (၁)၊ (၂)၊ (၃) တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၉၈/၂၀၁၉)

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် ကျင်းပသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (သတ္တုရေးရာ) ၏ (၃၄/၂၀၁၉) ကြိမ်မြောက်အစည်းအဝေးမှ သဘောတူဆုံးဖြတ်ချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၂/၂၀၁၉) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် လုံးခင်း၊ ဖားကန့်ရတနာနယ်မြေတန်ဖိုးဖြတ်အဖွဲ့ (လုံးခင်း) မှ တန်ဖိုးဖြတ်အဖွဲ့ ဥက္ကဋ္ဌ တာဝန်ကို မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးခင်မောင်ဝင်း **အစား** လက်ထောက် အထွေထွေမန်နေဂျာ ဦးဝင်းဌေး ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၄၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၂၈/၂၀၁၉) ကြိမ်မြောက်အစည်းအဝေး ဆုံးဖြတ်ချက်အရ မြန်မာ့သစ်လုပ်ငန်း၊ အင်ဂျင်နီယာဌာနတွင် လစ်လပ်လျက်ရှိသော အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူး (၁) နေရာသို့ အင်ဂျင်နီယာဌာနမှ ဒုတိယအထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးမိုးအောင် အား ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၄၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင် သည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့မှစ၍ အငြိမ်းစား မယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၄၉/၂၀၁၉)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ရေဆင်းမှ ခေတ္တပါမောက္ခချုပ် ဒေါက်တာစန်းဝင်း သည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင်ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၉) ၏ အတည်ပြုချက်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုထားသည့် အမှတ် (၃၂၉) ခြေမြန်တပ်ရင်းမှ ကြည်း ၄၁၁၆၄ ဗိုလ်ကြီးအောင်အောင် အား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့တွင် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးဖြင့် ခန့်ထားလိုက်သည်။

ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၀/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၉) စားပွဲတင်အစီအစဉ် (၁၂) ၏ သဘောတူဆုံးဖြတ်ချက်အရ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ သုတေသနဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မီမီကျော်၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာန၏ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာမျိုးသိမ်းကြီး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားစံချိန်စံညွှန်းကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၉/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)

**မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်း**

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါ စံချိန်စံညွှန်း (၈၂) ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်လိုက်သည်-

**စဉ်** **မြန်မာစံချိန်စံညွှန်းများ**

(၁) MMS IEC 60227-1: 2007 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီနိုင်းကလိုရိုက် လျှပ်ကာဝါယာကြိုးများအပိုင်း ၁၊ အထွေထွေလိုအပ်ချက်များ

(၂) MMS IEC 60227-3: 1997 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီနိုင်းကလိုရိုက် လျှပ်ကာဝါယာကြိုးများအပိုင်း ၃၊ ပုံသေတပ်ဆင်ထားသော အခွံမာမပါသောဝါယာ

(၃) MMS IEC 60227-4: 1997 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီနိုင်းကလိုရိုက် လျှပ်ကာဝါယာကြိုးများအပိုင်း ၄၊ ပုံသေတပ်ဆင်ထားသော အခွံမာပါသောဝါယာ

(၄) MMS IEC 60227-2: 1997 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီနိုင်းကလိုရိုက် လျှပ်ကာဝါယာကြိုးများအပိုင်း ၂၊ စမ်းသပ်စစ်ဆေးနည်းများ

(၅) MMS IEC 60227-6: 2001 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီနိုင်းကလိုရိုက် လျှပ်ကာဝါယာကြိုးများအပိုင်း ၆၊ ဓာတ်လှေကားဝါယာနှင့် ဝါယာကြိုးပျော့ဆက်သွယ်မှုများ

(၆) MMS IEC 60228:2004 လျှပ်ကာကေဘယ်များ၏ လျှပ်ကူးပစ္စည်းများ

(၇) MMS IEC 60335-2-2:2009 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ-
အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂.၂) ဖုန်စုပ်စက်နှင့် ရေစုပ်ယူသည့် သန့်ရှင်းရေးပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ

(၈) MMS IEC 60335-2-6: 2014 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ-
အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂.၆) လုပ်ငန်းသုံးမီးဖိုများ၊ အပူပြားမီးဖိုများ၊ အလုံပိတ်မီးဖိုများနှင့် အလားတူလျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ

(၉) MMS IEC 60335-2-8: 2012 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ-
အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂.၈) မုတ်ဆိတ်ရိတ်စက်၊ ဆံပင်ရိတ်စက်နှင့် အလားတူလျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ

(၁၀) MMS IEC 60335-2-21: 2012 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ-
အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂.၂၁) ရေပူစက်များအတွက် သီးခြားလိုအပ်ချက်များ

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|
| (၁၁) | MMS IEC 60335-2-28: 2008 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ- အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂. ၂၈) အပ်ချုပ်စက်များအတွက် သီးခြားလိုအပ်ချက်များ |
| (၁၂) | MMS IEC 60335-2-29: 2016 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ- အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂. ၂၉) ဘက်ထရီအားသွင်းစက်များအတွက် သီးခြားလိုအပ်ချက်များ |
| (၁၃) | MMS IEC 60335-2-31: 2012 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ- အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂. ၃၁) မီးဖိုတွဲများနှင့် အခြားချက်ပြုတ်ညှော်စုပ်စက်များအတွက် သီးခြားလိုအပ်ချက်များ |
| (၁၄) | MMS IEC 60335-2-45: 2008 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ- အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂. ၄၅) သယ်ဆောင်နိုင်သောအပူပေးကိရိယာနှင့် အလားတူလျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| (၁၅) | MMS IEC 60335-2-52: 2008 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ- အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂. ၅၂) သွားနှင့်ခံတွင်း ကျန်းမာရေးဆိုင်ရာ လျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| (၁၆) | MMS IEC 60335-2-55: 2008 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ- အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂. ၅၅) ငါးမွေးကန်နှင့် ဥယျာဉ်သုံးရေကန်များတွင် အသုံးပြုသည့်လျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| (၁၇) | MMS IEC 60335-2-56: 2008 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ- အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂. ၅၆) ပုံရိပ်ပြစက်နှင့်အလားတူလျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| (၁၈) | MMS IEC 60335-2-65: 2008 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ- အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂. ၆၅) လေသန့်စင်သည့်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| (၁၉) | MMS IEC 60335-2-73: 2006 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ- အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂. ၇၃) အသေတပ်ဆင်ထားသည့် ရေတိုင်ကီအတွင်းနှစ်မြှုပ်အပူပေးကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| (၂၀) | MMS IEC 60335-2-74: 2006 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ- အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂. ၇၄) ရွှေ့ပြောင်းသယ်ယူနိုင်သည့် ရေတိုင်ကီအတွင်း နှစ်မြှုပ်အပူပေးကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| (၂၁) | MMS IEC 60335-2-79: 2016 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ- အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂. ၇၉) လုပ်ငန်းသုံးဖိအားမြင့်သန့်ရှင်းရေးကိရိယာနှင့် ရေနွေးငွေ့သုံးသန့်ရှင်းရေးကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| (၂၂) | MMS IEC 60335-2-88: 2002 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ- အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂. ၈၈) အပူပေးခြင်း၊ လေဝင်လေထွက်စနစ်နှင့် လေအေးပေးစက်စနစ်များအတွက် အသုံးပြုသည့် စိုထိုင်းမှုထိန်းစက်များအတွက် သီးခြားလိုအပ်ချက်များ |
| (၂၃) | MMS IEC 60335-2-98: 2008 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ- အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂. ၉၈) စိုထိုင်းမှုထိန်းစက်များအတွက် သီးခြားလိုအပ်ချက်များ |
| (၂၄) | MMS IEC 60947-2: 2016 ဗို့အားနိမ့် ဆွစ်ဂီယာနှင့် ကွန်ထရိုးဂီယာ - အပိုင်း (၂) ဓာတ်အားလိုင်းဖြတ်ခလုတ်များ |
| (၂၅) | MMS IEC 60929: 2011 မီးချောင်းများအတွက် အေစီနှင့်/ သို့မဟုတ် ဒီစီသုံးအီလက်ထရောနစ်ကွန်ထရိုးဂီယာ - စွမ်းဆောင်ရည်လိုအပ်ချက်များ |

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|
| (၂၆) | MMS IEC 60968: 2015 အလင်းရရှိရန်အသုံးပြုသည့် ချုပ်တွဲပါသည့် မီးသီး/မီးချောင်းများ - အန္တရာယ်ကင်းရှင်းရေးလိုအပ်ချက်များ |
| (၂၇) | MMS IEC 60969: 2016 အလင်းရရှိရန်အသုံးပြုသည့် ချုပ်တွဲပါသည့် စွမ်းအင်ချွေတာသုံး မီးသီး/မီးချောင်းများ - စွမ်းဆောင်ရည်လိုအပ်ချက်များ |
| (၂၈) | MMS IEC 61008-1: 2010 အိမ်သုံးနှင့်အလားတူသုံးပစ္စည်းများအတွက် လျှပ်စီးလွန်ကာကွယ်မှုမပါသော ကြွင်းကျန်လျှပ်စီးဖြစ်လျှင် ဖြတ်တောက်သော ပတ်လမ်းဖြတ်ကိရိယာ (RCCBs) - အပိုင်း (၁) အထွေထွေစည်းမျဉ်းစည်းကမ်း |
| (၂၉) | MMS IEC 61008-1: 2012 Amendment 1 အိမ်သုံးနှင့်အလားတူသုံးပစ္စည်းများအတွက် လျှပ်စီးလွန်ကာကွယ်မှုမပါသော ကြွင်းကျန်လျှပ်စီးဖြစ်လျှင် ဖြတ်တောက်သော ပတ်လမ်းဖြတ်ကိရိယာ (RCCBs) - အပိုင်း (၁) အထွေထွေစည်းမျဉ်းစည်းကမ်း (ပြင်ဆင်ဖြည့်စွက်ချက် - ၁) |
| (၃၀) | MMS IEC 61008-1: 2013 Amendment 2 - အိမ်သုံးနှင့်အလားတူသုံးပစ္စည်းများအတွက် လျှပ်စီးလွန်ကာကွယ်မှုမပါသော ကြွင်းကျန်လျှပ်စီးဖြစ်လျှင် ဖြတ်တောက်သော ပတ်လမ်းဖြတ်ကိရိယာ (RCCBs) - အပိုင်း (၁) အထွေထွေစည်းမျဉ်းစည်းကမ်း (ပြင်ဆင်ဖြည့်စွက်ချက် - ၂) |
| (၃၁) | MMS IEC 61058-1: 2016 လျှပ်စစ်ပစ္စည်းများအတွက်ခလုတ်များ - အပိုင်း (၁) အထွေထွေလိုအပ်ချက်များ |
| (၃၂) | MMS IEC 62271-200: 2011 ဗို့အားမြင့် ဆွစ်ဂီယာနှင့် ကွန်ထရိုးဂီယာ - အပိုင်း (၂၀၀) အေစီသတ်မှတ်ဗို့အား ၁ ကီလိုဗို့နှင့်အထက် ၅၂ ကီလိုဗို့အထိရှိသော သတ္တုအဖုံးကာသည့် ဆွစ်ဂီယာနှင့် ကွန်ထရိုးဂီယာ |
| (၃၃) | MMS IEC 62552-1: 2015 အိမ်သုံးရေခဲသေတ္တာများ - ထူးခြားသည့်လက္ခဏာများနှင့်စမ်းသပ်သည့်နည်းလမ်းများ - အပိုင်း (၁) အထွေထွေလိုအပ်ချက်များ |
| (၃၄) | MMS IEC 62552-2: 2015 အိမ်သုံးရေခဲသေတ္တာများ - ထူးခြားသည့်လက္ခဏာများနှင့်စမ်းသပ်သည့်နည်းလမ်းများ - အပိုင်း (၂) စွမ်းဆောင်ရည်လိုအပ်ချက်များ |
| (၃၅) | MMS IEC 62552-3: 2015 အိမ်သုံးရေခဲသေတ္တာများ - ထူးခြားသည့်လက္ခဏာများနှင့်စမ်းသပ်သည့်နည်းလမ်းများ - အပိုင်း (၃) စွမ်းအင် သုံးစွဲမှုနှင့်ပမာဏ |
| (၃၆) | MMS UNECE 30: 2007 မော်တော်ယာဉ်များနှင့် ၎င်းတို့၏ နောက်တွဲယာဉ်များတွင် အသုံးပြုသည့် လေဖိအားသုံးတာယာများအတွက် တစ်ပြေးညီပြဋ္ဌာန်းချက်များ |
| (၃၇) | MMS UNECE 54: 2013 စီးပွားရေးလုပ်ငန်းသုံးယာဉ်များနှင့် ၎င်းတို့၏ နောက်တွဲယာဉ်များတွင် အသုံးပြုသည့် လေဖိအားသုံးတာယာများအတွက် တစ်ပြေးညီပြဋ္ဌာန်းချက်များ |
| (၃၈) | MMS UNECE 75: 2010 မော်တော်ဆိုင်ကယ် (Motor Cycles and Mopeds) များတွင် အသုံးပြုသည့် လေဖိအားသုံးတာယာများအတွက် တစ်ပြေးညီပြဋ္ဌာန်းချက်များ |
| (၃၉) | MMS Codex Stan 317:2014 ဒူးရင်းသီးစံချိန်စံညွှန်း |
| (၄၀) | MMS Codex Stan 204:1997 မင်းဂွတ်သီးစံချိန်စံညွှန်း |
| (၄၁) | MMS ASEAN Stan 18:2010 သခွားမွှေးသီးစံချိန်စံညွှန်း |
| (၄၂) | MMS ASEAN STAN 20:2011 သီဟိုဠ်စေ့စံချိန်စံညွှန်း |
| (၄၃) | MMS ASEAN STAN 15:2009 အုန်းစိမ်းနုစံချိန်စံညွှန်း |
| (၄၄) | MMS CODEX STAN 218:1999 ချင်း (ဂျင်း) စံချိန်စံညွှန်း |
| (၄၅) | MMS CODEX STAN 153:1985 အစေ့ထုတ်ပြောင်းစံချိန်စံညွှန်း |
| (၄၆) | MMS CODEX STAN 184:1993 သရက်သီးစံချိန်စံညွှန်း |

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|
| (၄၇) | MMS ASEAN STAN 23:2011 ကြက်သွန်နီစံချိန်စံညွှန်း |
| (၄၈) | MMS ASEAN STAN 36:2014 မြေပဲစံချိန်စံညွှန်း |
| (၄၉) | MMS ASEAN STAN 3:2006, Rev, 1:2012 နာနတ်သီးစံချိန်စံညွှန်း |
| (၅၀) | MMS 3:2019 မြန်မာ့နှမ်းစံချိန်စံညွှန်း |
| (၅၁) | MMS ASEAN STAN 32:2013 နနွင်းတက်စံချိန်စံညွှန်း |
| (၅၂) | MMS ASEAN STAN 55:2017 ဝဥစံချိန်စံညွှန်း |
| (၅၃) | MMS ISO 712 နှံစားသီးနှံများနှင့် နှံစားသီးနှံထွက်ကုန်များအတွက် အစိုဓာတ်ပါဝင်မှုကို တိုင်းတာသတ်မှတ်ခြင်း - ကိုးကားသည့်နည်းလမ်း |
| (၅၄) | MMS ISO 2000: 2014 ရော်ဘာ၊ သဘာဝရော်ဘာကုန်ကြမ်း -- TSR များ၏ စံအရည်အသွေးသတ်မှတ်ချက်များအတွက် လမ်းညွှန်ချက်များ |
| (၅၅) | MMS ISO 68 - 1: 1998 အထွေထွေသုံးဝက်အူရစ်များ - အခြေခံသဏ္ဌာန် - အပိုင်း (၁) မက်ထရစ်စနစ်ဖြင့် တိုင်းတာသောဝက်အူရစ်များ |
| (၅၆) | MMS ISO 261: 1998 မက်ထရစ်စနစ်ဖြင့်တိုင်းတာသော အထွေထွေသုံးဝက်အူရစ်များ - ယေဘုယျအတိုင်းအတာတွဲဖက်မှုအစီအစဉ်များ |
| (၅၇) | MMS ISO 262: 1998 မစ်ထရစ်စနစ်ဖြင့်တိုင်းတာသော အထွေထွေသုံးဝက်အူရစ်များ - ဝက်အူများ၊ မူလီများ၊ နပ်များ၏ ရွေးချယ်ထားသောအရွယ်အစားများ |
| (၅၈) | MMS ISO 724: 1993 မစ်ထရစ်စနစ်ဖြင့်တိုင်းတာသော အထွေထွေသုံးဝက်အူရစ်များ - အခြေခံအတိုင်းအတာများ |
| (၅၉) | MMS ISO 724: 1993/Cor 1 : 2009 မစ်ထရစ်စနစ်ဖြင့်တိုင်းတာသော အထွေထွေသုံးဝက်အူရစ်များ - အခြေခံအတိုင်းအတာများ (ကိုရီဂျန်ဒမ် - အမှားပြင်ဆင်ချက်) |
| (၆၀) | MMS ISO 965 - 2: 1998 မစ်ထရစ်စနစ်ဖြင့်တိုင်းတာသော အထွေထွေသုံးဝက်အူရစ်များ- လက်ခံနိုင်သောကွဲလွဲမှုများ - အပိုင်း (၂) - အထွေထွေသုံး အတွင်းရစ်နှင့်အပြင်ရစ် ဝက်အူရစ်များအတွက် အရွယ်အစားအတိုင်းအတာကန့်သတ်ချက်များ - သင့်တင့်သောအရည်အသွေး |
| (၆၁) | MMS ISO 965 - 3: 1998 မစ်ထရစ်စနစ်ဖြင့်တိုင်းတာသော အထွေထွေသုံးဝက်အူရစ်များ- လက်ခံနိုင်သောကွဲလွဲမှုများ - အပိုင်း (၃) - တည်ဆောက်ရေးလုပ်ငန်းသုံးဝက်အူရစ်များအတွက် ကွဲလွဲမှုများ |
| (၆၂) | MMS ISO 965 - 3: 1998/Cor 1:2009 မစ်ထရစ်စနစ်ဖြင့်တိုင်းတာသော အထွေထွေသုံးဝက်အူရစ်များ- လက်ခံနိုင်သောကွဲလွဲမှုများ - (ကိုရီဂျန်ဒမ်-အမှားပြင်ဆင်ချက်) အပိုင်း (၃) - တည်ဆောက်ရေးလုပ်ငန်းသုံးဝက်အူရစ်များအတွက် ကွဲလွဲမှုများ |
| (၆၃) | MMS ISO 965 - 4: 1998 မစ်ထရစ်စနစ်ဖြင့်တိုင်းတာသော အထွေထွေသုံးဝက်အူရစ်များ- လက်ခံနိုင်သောအရွယ်အစားကွဲလွဲမှုများ - အပိုင်း (၄) - ဇင့်အလွှာအုပ်ပြီး အခြေအနေတွင် လက်ခံနိုင်သော အရွယ်အစားကွဲလွဲမှု (Tolerance) အနေအထား "H" သို့မဟုတ် "G" ရှိသော အတွင်းရစ် ဝက်အူရစ်များနှင့် တွဲဖက်အသုံးပြုမည့် hot-dip နည်းဖြင့် ဇင့်အလွှာအုပ်ထားသော အပြင်ရစ်ဝက်အူများအတွက် အရွယ်အစား အတိုင်းအတာကန့်သတ်ချက်များ |
| (၆၄) | MMS ISO 965 - 5: 1998 မစ်ထရစ်စနစ်ဖြင့်တိုင်းတာသည့် အထွေထွေသုံးဝက်အူရစ်များ၏ အရစ်များ - လက်ခံနိုင်သောအရွယ်အစားကွဲလွဲမှုများ - အပိုင်း (၅) - hot-dip နည်းဖြင့် ဇင့်အလွှာအုပ်ထားသော အပြင်ဝက်အူရစ်များ၏ ဇင့်အလွှာမအုပ်မီအခြေအနေတွင် အများဆုံးခွင့်ပြုနိုင်သော "h" အရွယ်အစား အတိုင်းအတာကွာခြားချက်ရှိသော အနေအထားနှင့် တွဲဖက်အသုံးပြုမည့် အတွင်းရစ်ဝက်အူရစ်များအတွက် အရွယ်အစားကန့်သတ်ချက်များ |

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|
| (၆၅) | MMS ISO 1502: 1996 - မစ်ထရစ်စနစ်ဖြင့်တိုင်းတာသော အထွေထွေသုံးဝက်အူရစ်များ- စံအတိုင်းအတာစစ်ဆေးရန် ကိရိယာများ (Gauge) နှင့် စံအတိုင်းအတာစစ်ဆေးခြင်း |
| (၆၆) | MMS ISO 17064: 2016 - သစ်အခြေခံမှန်ပုံများ - သစ်မျှင်ပြား၊ သစ်စပြားနှင့် သစ်စ၊ သစ်မျှင်များကို အခြားပစ္စည်းများဖြင့် ရောနှောပေါင်းစပ်ထုတ်လုပ်ထားသည့် ဘုတ်ပြားများ - ဝေါဟာရ |
| (၆၇) | MMS ISO 12466 - 1: 2007 - အထပ်သား - ကော်စွဲကပ်မှုအရည်အသွေး - အပိုင်း (၁) : စမ်းသပ်မှုနည်းလမ်းများ |
| (၆၈) | MMS ISO 12466 - 2: 2007 - အထပ်သား - ကော်စွဲကပ်မှုအရည်အသွေး - အပိုင်း (၂) : လိုအပ်ချက်များ |
| (၆၉) | MMS ISO 8905: 1988 - သစ်ခွဲသား - စမ်းသပ်မှုနည်းလမ်းများ - သစ်ကြောနှင့်အပြိုင် အမြင့်ဆုံး လျှောပြတ်ခံနိုင်အားကို စူးစမ်းတွက်ချက်ခြင်း |
| (၇၀) | MMS ISO 8906: 1988 - သစ်ခွဲသား - စမ်းသပ်မှုနည်းလမ်းများ - သစ်သား၏အတွင်း ကန့်လန့်ဖြတ် ဖိအားဒဏ်ခံနိုင်မှု စူးစမ်းတွက်ချက်ခြင်း |
| (၇၁) | MMS ISO 2299: 1973 - ရွက်ကြွေသစ်မျိုးများ၏ သစ်ခွဲသား - အပြစ်အနာအဆာများ - အဆင့်အတန်းသတ်မှတ်ချက် |
| (၇၂) | MMS ISO 2301: 1973 - ရွက်ကြွေသစ်မျိုးများ၏သစ်ခွဲသား - အပြစ်အနာအဆာများ - အတိုင်းအတာ |
| (၇၃) | MMS ISO 3132: 1975 - သစ် - သစ်ကြောနှင့် ထောင့်မှန်ကျဖိအား စမ်းသပ်ခြင်း |
| (၇၄) | MMS ISO 13061 - 3: 2014 - သစ်၏ ရူပနှင့်စက်မှုဆိုင်ရာဂုဏ်သတ္တိ - သေးငယ်သော အနာအဆာလွတ် သစ်သားနမူနာများအတွက် စမ်းသပ်မှုနည်းလမ်းများ - အပိုင်း (၃) ။ တည်ငြိမ်ကွေးညွှတ်မှုအတွက် အမြင့်ဆုံးခံနိုင်အားကို စူးစမ်းတွက်ချက်ခြင်း |
| (၇၅) | MMS ISO 3397: 1977 - ရွက်ကြွေသစ်မျိုးပါကေးတုံးအကြမ်း - ယေဘုယျစရိုက်လက္ခဏာများ |
| (၇၆) | MMS ISO 5730: 1992 သံဂဟေဖြင့် တည်ဆောက်သည့် အထိုင်ချအသုံးပြုရှဲလ်ဘွိုင်လာများ |
| (၇၇) | MMS ISO 1129: 1980 ဘွိုင်လာစတီးကျွတ်များ၊ ရေနွေးငွေ့ခြောက်သွေ့စေသည့် စတီးကျွတ်များနှင့် အပူဖလှယ်သည့်စတီးကျွတ်များ |
| (၇၈) | MMS ISO 4126 - 1: 2013 ဖိအားပိုမိုခြင်းအား ကာကွယ်မှုဆိုင်ရာ အန္တရာယ်ကင်းရှင်းရေးပစ္စည်းကိရိယာများ၊ အပိုင်း (၁) အန္တရာယ်ကင်းရှင်းရေးဗား |
| (၇၉) | MMS ISO 4126 - 5: 2013 ဖိအားပိုမိုခြင်းအား ကာကွယ်မှုဆိုင်ရာ အန္တရာယ်ကင်းရှင်းရေးပစ္စည်းကိရိယာများ၊ အပိုင်း (၅) အန္တရာယ်ကင်းရှင်းရေးဖိအားစွန့်ထုတ်မှုထိန်းချုပ်စနစ်များ |
| (၈၀) | MMS ISO 4126 - 7: 2013 ဖိအားပိုမိုခြင်းအား ကာကွယ်မှုဆိုင်ရာ အန္တရာယ်ကင်းရှင်းရေးပစ္စည်းကိရိယာများ၊ အပိုင်း (၇) ဘုံကိန်းဂဏန်းအချက်အလက်များ |
| (၈၁) | MMS ISO 4126 - 10: 2010 ဖိအားပိုမိုခြင်းအား ကာကွယ်မှုဆိုင်ရာ အန္တရာယ်ကင်းရှင်းရေးပစ္စည်းကိရိယာများ၊ အပိုင်း (၁၀) အရည်နှင့်အငွေ့နှစ်မျိုးသုံးအန္တရာယ်ကင်းရှင်းရေး ဗားအရွယ်အစားသတ်မှတ်ခြင်း |
| (၈၂) | MMS ISO 5667 - 7: 1993 ရေအရည်အသွေး - နမူနာယူခြင်း၊ အပိုင်း (၇) ဘွိုင်လာများတွင် ရေနှင့်ရေနွေးငွေ့နမူနာယူခြင်းလမ်းညွှန်ချက် |

ဒေါက်တာမျိုးသိမ်းကြီး
ဥက္ကဋ္ဌ
အမျိုးသားစံချိန်စံညွှန်းကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

အမှတ် ၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ ညှိနိုင်းအစည်းအဝေးအမှတ်စဉ် (၇/၂၀၁၉) နှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေး အမှတ်စဉ် (၁၉/၂၀၁၉) တို့၏ သဘောတူဆုံးဖြတ်ချက်အရ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီး ဌာနမှ အောက်ဖော်ပြပါ ဌာနခွဲစာရေး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အား အလုပ်တာဝန် ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| **အမည်၊ ရာထူး၊ ဌာန** | **တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|
| ဒေါ်မြင့်မြင့်အေး<br>ဌာနခွဲစာရေး<br>စစ်ကိုင်းတိုင်းဒေသကြီးအစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ (စီမံရေး)<br>စစ်ကိုင်းတိုင်းဒေသကြီးအစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန |

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ဦးစီးအရာရှိသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန် ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး တိုးမြှင့်ထမ်းဆောင်ရန် ဖြစ်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)

အမှတ် ၂။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၁၉/၁၈၄၂၃ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (မန္တလေး)၊ ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာရန်လင်းမြင့် (ဆမ-၉၈၉၅) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

အမှတ် ၃။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၁၉/၁၈၄၂၁ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)၊ သွားတုဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာသန်းဆွေ (သခ - ၅၇၄) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊

မေလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

အမှတ် ၄ ။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက် အရ ကုသရေးဦးစီးဌာနမှ လွှဲပြောင်းပေးပို့သော အောက်ဖော်ပြပါ အထူးကုဆရာဝန်ကြီး/ တွဲဖက်ပါမောက္ခ (ကင်ဆာရောဂါဆေးပညာ)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အလုပ်တာဝန်များစတင် ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၃၁၈၈ | ဒေါက်တာတင်မိုးဝင်း<br>M.Med.Sc (Med.Onco)<br>အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ<br>(ကင်ဆာရောဂါဆေးပညာ)<br>အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး<br>ရန်ကုန်မြို့ | ပါမောက္ခ<br>ကင်ဆာရောဂါဆေးပညာဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |

မှတ်ချက်။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့ ခန့်ထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်း လက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၅ ။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက် အရ ကင်ဆာရောဂါဆေးပညာဌာနမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀- ၃၆၁,၀၀၀) အား အလုပ်တာဝန်များစတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၄၀၁၃ | ဒေါက်တာဝေဝေလွင်<br>M.Med.Sc (Int.Med)<br>တွဲဖက်ပါမောက္ခ<br>ကင်ဆာရောဂါဆေးပညာဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် | ပါမောက္ခ<br>ကင်ဆာရောဂါဆေးပညာဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) |

မှတ်ချက်။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့ ခန့်ထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်း လက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၆ ။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ကုသရေးဦးစီးဌာနမှ လွှဲပြောင်းပေးပို့သော အောက်ဖော်ပြပါ အထူးကုဆရာဝန်ကြီး (ကင်ဆာရောဂါဓာတ်ရောင်ခြည်ဆေးပညာ)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အလုပ်တာဝန်များစတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၄၀၈၄ | ဒေါက်တာမိုးလှိုင်<br>M.Med.Sc (Radiation Oncology)<br>အထူးကုဆရာဝန်ကြီး<br>(ကင်ဆာရောဂါဓာတ်ရောင်ခြည်<br>ဆေးပညာ)<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး | ပါမောက္ခ<br>ကင်ဆာရောဂါဓာတ်ရောင်ခြည်<br>ဆေးပညာဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |

မှတ်ချက်။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်း လက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၇ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၁၉/၁၈၄၂၀ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၁) ရန်ကုန် အရိုးရောဂါပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာခင်မောင်မြင့် (ဆမ - ၁၀၈၀၁) ၏ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာငြင်းပယ်လိုက်သည်။

ထိုသို့ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၀ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

အမှတ် ၈ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်စွဲပါ စာအမှတ် ၄ မက (ခ) ၂၀၁၉/၁၈၆၈၃ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး) မှ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာမြမြအေး (ဆမ-၁၀၄၉၀) ၏ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ထိုသို့ ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၁ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၉ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၇/၂၀၁၉) နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၉) တို့၏ သဘောတူဆုံးဖြတ်ချက်အရ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) များအား အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲ ဖော်ပြပါအတိုင်း ဦးစီးအရာရှိ (အစားအသောက်)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| ၁။ | ဦးစိုးမင်း<br>ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်)<br>အစားအသောက်ဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ (အစားအသောက်)<br>အထွေထွေစျေးကွက်ထောက်လှမ်းရေးဌာန<br>(စစ်တွေနယ်စပ်အစားအသောက်နှင့်<br>ဆေးဝါးစစ်ဆေးရေးဌာနအင်အား) |
| ၂။ | ဒေါ်ခင်ချိုလင်း<br>ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်)<br>အစားအသောက်ဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ (အစားအသောက်)<br>အစားအသောက်ဌာနခွဲ<br>အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် |
| ၃။ | ဒေါ်အိရတနာခိုင်<br>ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်)<br>ဧရာဝတီတိုင်းဒေသကြီးအစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ (အစားအသောက်)<br>ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန |
| ၄။ | ဒေါ်ခင်စန်းလွင်<br>ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်)<br>အစားအသောက်ဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ (အစားအသောက်)<br>အစားအသောက်ဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် |
| ၅။ | ဒေါ်မေသူနိုင်ထွန်း<br>ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်)<br>အစားအသောက်ဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ (အစားအသောက်)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ (ရန်ကုန်) |
| ၆။ | ဒေါ်ခိုင်စုမြတ်<br>ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ (ရန်ကုန်) | ဦးစီးအရာရှိ (အစားအသောက်)<br>မအူပင်ခရိုင် အစားအသောက်နှင့် ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| ၇။ | ဒေါ်ဥမ္မာမင်း<br>ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်)<br>အစားအသောက်ဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ (အစားအသောက်)<br>ရှမ်းပြည်နယ် အစားအသောက်နှင့် ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန |
| ၈။ | ဒေါ်မြတ်မွန်ဟန်<br>ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်)<br>ပဲခူးတိုင်းဒေသကြီးအစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ (အစားအသောက်)<br>စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန |
| ၉။ | ဒေါ်ဇင်နွယ်မြင့်<br>ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်)<br>အစားအသောက်ဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ (အစားအသောက်)<br>အစားအသောက်ဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် |
| ၁၀။ | ဦးဇော်ဝင်းမောင်<br>ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်)<br>တနင်္သာရီတိုင်းဒေသကြီး အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ (အစားအသောက်)<br>တနင်္သာရီတိုင်းဒေသကြီး အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန |
| ၁၁။ | ဒေါ်တင်နီလာဌေး<br>ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်)<br>ကယားပြည်နယ် အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ (အစားအသောက်)<br>ပခုက္ကူခရိုင် အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန |
| ၁၂။ | ဒေါ်ခင်မြတ်သူ<br>ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်)<br>ပြည်ခရိုင် အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ (အစားအသောက်)<br>သရက်ခရိုင် အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန |
| ၁၃။ | ဒေါ်သီတာမြိုင်<br>ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်)<br>ညောင်ဦးခရိုင် အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ (အစားအသောက်)<br>ကယားပြည်နယ် အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန |
| ၁၄။ | ဒေါ်ဟန်ဇင်သန့်<br>ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်)<br>ရန်ကုန်တိုင်းဒေသကြီး (အရှေ့ပိုင်း) ခရိုင်<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန | ဦးစီးအရာရှိ (အစားအသောက်)<br>ကရင်ပြည်နယ် အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန |

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ဦးစီးအရာရှိများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန်ချထားသည့်အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး တိုးမြှင့်ထမ်းဆောင်ရန် ဖြစ်သည်။

ဒေါက်တာမြင့်ထွေး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၄၀၀/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်းမုန်းလပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

**ဆောက်လုပ်ရေးဝန်ကြီးဌာနတွင်း**
**အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင်း အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit - CPU) အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဦးမြင့်ဦး — အဖွဲ့ခေါင်းဆောင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(ခ) ဦးရွှေဇင် — တွဲဖက်ခေါင်းဆောင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
လမ်းဦးစီးဌာန

(ဂ) ဒေါ်ပြုံးပြုံးခိုင် — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
အဆောက်အဦဦးစီးဌာန

(ဃ) ဦးဇော်ဝင်းမြင့် — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
တံတားဦးစီးဌာန

(င) ဦးအုန်းတင့် — အဖွဲ့ဝင်
လက်ထောက်အတွင်းဝန်
ဝန်ကြီးရုံး

(စ) ဦးသိန်းဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(ဆ) ဦးသင်ဇော်မိုး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(ဇ) ဦးသူရိန်ထွန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ဝန်ကြီးရုံး

(ဈ) ဒေါက်တာ ရှိန်းဇေယျာထွန်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ကြီးရုံး

(ည) ဒေါ်မြသန္တာမျိုး — အဖွဲ့ဝင်
ဦးစီးအရာရှိ
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(ဍ) ဦးကြည်လွင် အဖွဲ့ဝင်
ရုံးအုပ်
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(ဋ) ဒေါ်သင်းသင်းနွယ် အဖွဲ့ဝင်
ဌာနခွဲစာရေး
အဆောက်အဦဦးစီးဌာန

(ဌ) ဒေါ်ဝင်းမာအောင် အဖွဲ့ဝင်
ဌာနခွဲစာရေး
လမ်းဦးစီးဌာန

(ပ) ဒေါ်နီနီထွေး အဖွဲ့ဝင်
ပုံဆွဲ (၂) (မြို့ပြ)
တံတားဦးစီးဌာန

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင်း အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit - CPU) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဌာနအလိုက် လာဘ်ပေးလာဘ်ယူမှုနှင့်သက်ဆိုင်သော အဂတိလိုက်စားမှုပြဿနာများကို စိစစ်ဖော်ထုတ်ရန်၊

(ခ) တွေ့ရှိလာသော ပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်၊

(ဂ) အဂတိလိုက်စားမှု ဆက်လက်မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားရန်၊

(ဃ) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် နှစ်တို၊ နှစ်ရှည် စီမံချက် (Action Plan) များကို ရေးဆွဲအကောင်အထည်ဖော်ရန်၊

(င) အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း (Corruption Risk Assessment) ကို ဆောင်ရွက်ရန်၊

(စ) အဂတိလိုက်စားမှုဆိုင်ရာ တိုင်ကြားလာမှုများနှင့်ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေအား သတင်းထုတ်ပြန်ရန်၊

(ဆ) အဖွဲ့၏ လုပ်ငန်းတာဝန်များကို အောက်ခြေအထိ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဦးစီးဌာနအလိုက် အထောက်အကူပြုအဖွဲ့ငယ်များ ထပ်မံဖွဲ့စည်းပေးရန်၊

(ဇ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူးရုံးများသို့ အဖွဲ့ငယ်များစေလွှတ်၍ ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ သင်ကြားပို့ချခြင်း စသည်ဖြင့် အသိပညာပေးဖြန့်ဝေဆောင်ရွက်ရန်၊

(ဈ) ဝန်ကြီးဌာန၏ သင်တန်းကျောင်းနှင့် သင်တန်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးကို ဘာသာရပ် (၁) ခုအဖြစ် သင်တန်းချိန် ထည့်သွင်း၍ သင်ကြားပို့ချနိုင်ရေး ဆောင်ရွက်ရန်၊

(ည) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းနှင့် သဘောသဘာဝချင်းတူညီသော အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊

(ဋ) အဖွဲ့၏ ဆောင်ရွက်ချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ထံ လစဉ်အစီရင်ခံတင်ပြပြီး နိုင်ငံတော်သမ္မတရုံးသို့ အစီရင်ခံစာပေးပို့တင်ပြရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ မိတ္တူပေးရန်၊

(ဌ) ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့မှ တာဝန်ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ရန်။

၃။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၅/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၀၇/ ၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ အငယ်တန်းအင်ဂျင်နီယာ (၁) (မြို့ပြ) (၆၆) ဦးတို့အား ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၂/ ၂၀၁၉) ၏ သဘောတူညီချက်အရ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (မြို့ပြ) ရာထူးသို့တိုးမြှင့်ခန့်ထားလိုက်သည်-

(၁) ဒေါ်လွေးအမ်တင်အေး
ဆလက/ ၄၈၅၂၀

(၂) ဦးကျော်ခိုင်ဦး
ဆလက/ ၄၇၃၂၈

(၃) ဦးမျိုးညွန့်အောင်
ဆလက/ ၄၇၂၉၂

(၄) ဦးရန်နိုင်အောင်
ဆလက/ ၄၇၃၀၀

(၅) ဦးသက်မျိုးနိုင်
ဆလက/ ၄၇၂၇၅

(၆) ဦးနိုင်ဝင်းမင်း
ဆလက/ ၄၇၂၈၇

(၇) ဦးမျိုးမြင့်နိုင်
ဆလက/ ၄၇၂၆၈

(၈) ဒေါ်မြမဥ္စူ
ဆလက/ ၄၆၉၀၂

(၉) ဦးသိန်းကျော်
ဆလက/ ၄၇၃၀၁

(၁၀) ဦးစိုင်းမင်းစိုး
ဆလက/ ၄၇၂၇၃

(၁၁) ဦးမင်းသီဟဝင်း
ဆလက/ ၄၇၂၇၈

(၁၂) ဦးသော်ဇင်ဦး
ဆလက/ ၄၇၂၆၇

(၁၃) ဦးဝင်းမြခိုင်
ဆလက/ ၄၇၂၇၉

(၁၄) ဦးမျိုးကျော်အောင်
ဆလက/ ၄၇၃၀၃

(၁၅) ဒေါ်စုဇင်ဝင်း
ဆလက/ ၄၆၉၀၃

(၁၆) ဦးဇင်ကိုကို
ဆလက/ ၄၆၃၁၁

(၁၇) ဦးကြည်ဝေအောင်
ဆလက/ ၄၇၂၈၃

(၁၈) ဦးငြိမ်းချမ်းဦး
ဆလက/ ၄၇၃၀၇

(၁၉) ဦးဖွဲ့အောင်ကို
ဆလက/ ၄၇၂၈၀

(၂၀) ဦးကျော်ခိုင်
ဆလက/ ၄၇၂၈၉

(၂၁) ဒေါ်ပန်းအိဖြူ
ဆလက/ ၄၆၉၀၈

(၂၂) ဦးဝင်းလွင်ဦး
ဆလက/ ၄၇၂၉၅

(၂၃) ဦးအောင်ကိုဝင်း
ဆလက/ ၄၇၂၉၆

(၂၄) ဦးမင်းသူ
ဆလက/ ၄၇၃၀၄

(၂၅) ဦးဝေသက်ဦး
ဆလက/ ၄၇၂၇၄

(၂၆) ဒေါ်ဇင်ဇင်ဝါ
ဆလက/ ၄၆၉၀၇

(၂၇) ဦးထာထောင်ဘိခ်
ဆလက/ ၄၇၂၉၇

(၂၈) ဒေါ်သီသီဟန်
ဆလက/ ၄၅၉၈၉

(၂၉) ဦးလျှံဝေ
ဆလက/ ၄၇၂၈၄

(၃၀) ဦးသက်ဇော်ထွန်း
ဆလက/ ၄၇၂၉၁

(၃၁) ဦးကျော်ဇင်ဦး
ဆလက/၄၆၈၉၄

(၃၂) ဦးရဲကျော်သူ
ဆလက/၄၇၃၀၅

(၃၃) ဦးသူမျိုးနောင်
ဆလက/၄၇၂၉၉

(၃၄) ဦးသန့်ဇင်ထွန်း
ဆလက/၄၇၂၈၈

(၃၅) ဦးနိုင်းခွီရှိန်း
ဆလက/၄၆၄၁၀

(၃၆) ဦးနိုင်လင်းထွန်း
ဆလက/၄၇၂၈၁

(၃၇) ဦးဘွေလျှန်ဟူး
ဆလက/၄၆၅၄၀

(၃၈) ဦးကျော်စွာဝင်း
ဆလက/၄၇၃၀၆

(၃၉) ဦးမျိုးမင်းဝင်း
ဆလက/၄၇၂၉၃

(၄၀) ဒေါ်သန်းသန်းဌေး
ဆလက/၄၁၂၇၆

(၄၁) ဒေါ်ခင်စန်းဝင်း
ဆလက/၄၀၂၁၄

(၄၂) ဦးမင်းလွင်
ဆလက/၄၁၅၄၉

(၄၃) ဦးအောင်သောင်းနိုင်
ဆလက/၄၃၂၂၆

(၄၄) ဒေါ်ဒွေ့သ်ကီး
ဆလက/၄၂၇၅၈

(၄၅) ဦးသိန်းထွန်းထွန်း
ဆလက/၄၂၃၃၂

(၄၆) ဦးဂျိုး
ဆလက/၄၂၁၃၃

(၄၇) ဒေါ်ရီရီစိန်
ဆလက/၄၁၉၃၅

(၄၈) ဒေါ်ချိုချိုလွင်
ဆလက/၄၂၅၀၅

(၄၉) ဦးမြင့်နိုင်
ဆလက/၄၂၆၂၈

(၅၀) ဦးအောင်မြင့်သန်း
ဆလက/၄၂၄၅၃

(၅၁) ဦးအောင်နိုင်ဦး
ဆလက/၄၂၇၃၅

(၅၂) ဦးသက်ခိုင်ဦး
ဆလက/၄၄၄၆၇

(၅၃) ဦးချိုဝင်း
ဆလက/၄၂၁၃၉

(၅၄) ဒေါ်သန်းသန်းမော်
ဆလက/၄၂၅၀၉

(၅၅) ဦးစိုးရွှေ
ဆလက/၄၂၈၁၂

(၅၆) ဦးသာအေး
ဆလက/၄၄၁၇၇

(၅၇) ဦးတင်မိုး
ဆလက/၄၂၃၂၃

(၅၈) ဒေါ်သီတာစိုး
ဆလက/၄၁၈၂၃

(၅၉) ဦးဂင်ခန့်ပေါင်
ဆလက/၄၂၄၈၄

(၆၀) ဦးအေးလွင်
ဆလက/၄၂၉၆၆

(၆၁) ဦးဇော်ဖိုးနောင်
ဆလက/၄၃၀၃၆

(၆၂) ဦးတင်ဝင်း
ဆလက/၄၂၁၆၃

(၆၃) ဦးကြည်တိုး
ဆလက/၄၂၃၇၉

(၆၄) ဦးမြင့်ဌေး
ဆလက/၄၃၃၃၈

(၆၅) ဒေါ်နုနုရီ
ဆလက/၄၂၃၉၈

(၆၆) ဦးချိုဝင်း
ဆလက/၄၂၅၄၁

ဟန်ဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ လုပ်ငန်းများ မှန်ကန်ပြီး အချိန်မီပြီးစီးရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆုံးဖြတ်သွားနိုင်ရန် ဝန်ကြီးဌာနစီမံခန့်ခွဲမှုကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး | အတွင်းရေးမှူး |

၂။ ဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီသည် ဝန်ကြီးရုံးအပါအဝင် ကြီးကြပ်မှုအောက်ရှိ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနတို့၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ စီမံရေးရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ ဤဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝန်ကြီးရုံး၊ ဦးစီးဌာနတို့တွင် ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်း စသည့်ကိစ္စရပ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်အသီးသီးမှ သင်တန်းသားဆုရရှိခြင်းကိစ္စ၊ စည်းကမ်းပိုင်းဆိုင်ရာညွှန်ကြားချက်များထုတ်ပြန်ခြင်းကိစ္စ၊ အပြစ်ပေးအရေးယူခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် သက်သာချောင်ချိရေးဆိုင်ရာလုပ်ငန်းများကို ကော်မတီသို့ တင်ပြစေ၍ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်၊

(ခ) အထက်ဌာနအဖွဲ့အစည်းများ၊ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ၊ လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး အတည်ပြုရယူဆောင်ရွက်သွားရန်၊

(ဂ) ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတို့မှ ညှိနှိုင်းလာသော ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်သွားရန်၊

(ဃ) နိုင်ငံတော်ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာလုပ်ငန်းများ၊ ဝန်ကြီးဌာနရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းရပ်များ၊ အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ပစ္စည်းများ (နိုင်ငံခြား/ ပြည်တွင်း) ဝယ်ယူခြင်းကိစ္စများအား ဈေးနှုန်းများစိစစ်ခြင်းလုပ်ငန်းများ၊ ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေးကြပ်မတ်ရန်၊

(င) ပြည်ထောင်စုဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်တိကျစွာစိစစ်၍ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(စ) နိုင်ငံခြားတိုင်းပြည်နှင့်ဆက်သွယ်ဆောင်ရွက်ရသော ကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သော ကိစ္စရပ်များ၊ လေလံတင်ရောင်းချရေးကိစ္စရပ်များကို ကော်မတီသို့ တင်ပြစေ၍ ကော်မတီမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ရေး စိစစ်ကြပ်မတ်ရန်၊

(ဆ) အခါအားလျော်စွာ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များမှ ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ နိုင်ငံတော်အကြီးအကဲများမှ တာဝန်ပေးအပ်ထားသည့် အထူးစီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ မမျှော်လင့်ထားသော သဘာဝဘေးအန္တရာယ်များကျရောက်ပါက မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်။

၄။ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သော ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုကော်မတီအား ဤအမိန့်ကြော်ငြာစာနှင့်အတူ လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

၁။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး၊ ဒေါ်မေစီမြင့် [၁၂/တမန (နိုင်) ၀၀၆၉၉၀)]၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ၏ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လဖြစ်သော ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ မေလ ၉ ရက်နေ့အထိကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သည့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၀ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၉ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့်နောက်တစ်နေ့ဖြစ်သော ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အခန်း (၂၁)၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

အုန်းမောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရှေ့နေချုပ်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၅၉/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

၁။ နေပြည်တော်၊ ပြည်ထောင်စုနယ်မြေအတွင်း တည်ဆောက်မည့် ဒက္ခိဏခရိုင်ဥပဒေရုံး ဝန်ထမ်းအိမ်ရာ၊ ဇမ္ဗူသီရိမြို့နယ်ဥပဒေရုံးဝန်ထမ်းအိမ်ရာ၊ ပုဗ္ဗသီရိမြို့နယ်ဥပဒေရုံးဝန်ထမ်းအိမ်ရာ၊ ဥတ္တရသီရိမြို့နယ်ဥပဒေရုံး ဝန်ထမ်းအိမ်ရာ၊ ဒက္ခိဏသီရိမြို့နယ်ဥပဒေရုံးဝန်ထမ်းအိမ်ရာနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး တစ်ထပ်ဂိုဒေါင် ဆောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံး ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၇ နှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်ရုံး **တင်ဒါကော်မတီ** အား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်လိုက်သည်-

| စဉ် | အမည် | ရာထူး | တာဝန် |
|---|---|---|---|
| (၁) | ဦးဝင်းမြင့် | ဒုတိယရှေ့နေချုပ် | ဥက္ကဋ္ဌ |
| (၂) | ဒေါ်နုနုယဉ် | အမြဲတမ်းအတွင်းဝန် | အဖွဲ့ဝင် |
| (၃) | ဒေါ်ခင်ချိုအုန်း | ညွှန်ကြားရေးမှူးချုပ်<br>ဦးစီးဌာန - ၃ | အဖွဲ့ဝင် |
| (၄) | ဒေါက်တာသီတာဦး | ညွှန်ကြားရေးမှူးချုပ်<br>ဦးစီးဌာန - ၂ | အဖွဲ့ဝင် |
| (၅) | ဒေါက်တာဆွေဆွေအောင် | ညွှန်ကြားရေးမှူးချုပ်<br>ဦးစီးဌာန - ၁ | အဖွဲ့ဝင် |
| (၆) | ဒေါက်တာသီသီမြင့် | ဒုတိယအမြဲတမ်းအတွင်းဝန် | အဖွဲ့ဝင် |
| (၇) | ဒေါ်နှင်းသန္တာအောင် | ဒုတိယညွှန်ကြားရေးမှူး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးမောင်မောင်တာ | ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

၂။ တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်မည့် အဆောက်အအုံပုံစံ Drawing နှင့် အရည်အသွေးသတ်မှတ်ချက် စံချိန်စံညွှန်းများကို သတ်မှတ်ပေးခြင်း၊

(ခ) တည်ဆောက်ရေးလုပ်ငန်း တစ်ခုချင်းအလိုက် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါခေါ်ယူခြင်း၊

(ဂ) တည်ဆောက်ရေးလုပ်ငန်း တင်ဒါခေါ်ယူရာတွင် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်နှင့် စာရွက်စာတမ်း ပုံစံများ သတ်မှတ်ပေးခြင်း၊

(ဃ) တင်ဒါတင်သွင်းရမည့် အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်နှင့် နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့် နေ့ရက်တို့ကို သတ်မှတ်ကြေညာခြင်း၊

(င) တင်ဒါအောင်မြင်သည့်ကုမ္ပဏီများကို သတ်မှတ်ချက်များနှင့်အညီ ကြေညာပေးခြင်း၊

(စ) တင်ဒါအောင်မြင်သည့် ကုမ္ပဏီများနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ လုပ်ငန်းအပ်နှံခြင်း စာချုပ် ချုပ်ဆိုရာတွင် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေး စစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတို့ကို ဖွဲ့စည်း၍ ယင်းကော်မတီ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း။

၃။ တင်ဒါကော်မတီသည် အောက်ဖော်ပြပါကော်မတီများကို ဖွဲ့စည်းပေး၍ ယင်းကော်မတီများ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

**ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| စဉ် | အမည် | ရာထူး | တာဝန် |
|---|---|---|---|
| (၁) | ဒေါ်နုနုယဉ် | အမြဲတမ်းအတွင်းဝန် | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာသီသီမြင့် | ဒုတိယအမြဲတမ်းအတွင်းဝန် | အဖွဲ့ဝင် |
| (၃) | ဦးခင်မောင်လွင် | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၄) | ဒေါ်နှင်းသန္တာအောင် | ဒုတိယညွှန်ကြားရေးမှူး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါ်ဌေးဌေးတင့် | ဒုတိယညွှန်ကြားရေးမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၆) | ဦးမောင်မောင်တာ | ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |
| (၇) | ဦးဇော်မောင်မောင်လေး | ဒုတိယညွှန်ကြားရေးမှူး | တွဲဖက်အတွင်းရေးမှူး |

ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပစ္စည်းလိုအပ်ချက်နှင့် လုပ်အားပမာဏများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အခြေခံစံနှုန်း (Analysis of Rates) စာအုပ်အတိုင်း တွက်ချက်ရမည်။

(ခ) ဒေသအခြေအနေနှင့် ကိုက်ညီသော ဈေးနှုန်းများဖြစ်စေရန်အတွက် ပစ္စည်းဈေးနှုန်းများ၊ သယ်ယူပို့ဆောင်ရေးစရိတ်များ၊ လုပ်အားခများကို အမှန်တကယ် ဒေသပေါက်ဈေး (Market Prices) နှင့် ကွာဟမှု နည်းနိုင်သမျှနည်းအောင် နည်းလမ်းများ ရှာဖွေသတ်မှတ်ရမည်။

(ဂ) တင်သွင်းသည့် ဈေးနှုန်းစာရင်းများကို ပြုစုရာတွင် အလွန်မြင့်မားသောဈေးနှုန်းများမဖြစ်စေရန် အရေးကြီးသကဲ့သို့ အလွန်နည်းသော ဈေးနှုန်းများလည်း မဖြစ်စေရန် ဂရုပြုရမည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| စဉ် | အမည် | ရာထူး | တာဝန် |
|---|---|---|---|
| (၁) | ဒေါ်နုနုယဉ် | အမြဲတမ်းအတွင်းဝန် | ဥက္ကဋ္ဌ |
| (၂) | ဒေါ်ခင်ချိုအုန်း | ညွှန်ကြားရေးမှူးချုပ်<br>ဦးစီးဌာန - ၃ | အဖွဲ့ဝင် |
| (၃) | ဒေါက်တာသီတာဦး | ညွှန်ကြားရေးမှူးချုပ်<br>ဦးစီးဌာန - ၂ | အဖွဲ့ဝင် |
| (၄) | ဒေါက်တာဆွေဆွေအောင် | ညွှန်ကြားရေးမှူးချုပ်<br>ဦးစီးဌာန - ၁ | အဖွဲ့ဝင် |
| (၅) | ဒေါက်တာသီသီမြင့် | ဒုတိယအမြဲတမ်းအတွင်းဝန် | အဖွဲ့ဝင် |
| (၆) | ဦးခင်မောင်လွင် | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၇) | ဒေါ်နှင်းသန္တာအောင် | ဒုတိယညွှန်ကြားရေးမှူး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒေါ်ဌေးဌေးတင့် | ဒုတိယညွှန်ကြားရေးမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၉) | ဦးမောင်မောင်တာ | ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |
| (၁၀) | ဦးဇော်မောင်မောင်လေး | ဒုတိယညွှန်ကြားရေးမှူး | တွဲဖက်အတွင်းရေးမှူး |

ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(ခ) တင်ဒါများ စိစစ်အကဲဖြတ်ခြင်း၊

(ဂ) တင်ဒါကော်မတီသို့ တင်ပြရမည့် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြုစုခြင်း၊

(ဃ) ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ကန်ထရိုက်စနစ်ဖြင့်လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်" ပါ ဆောင်ရွက်ရမည့် အချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိ သုံးသပ်ဆုံးဖြတ်ခြင်း၊

(စ) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဆ) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

(ဇ) တင်ဒါကော်မတီမှ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း။

**အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| စဉ် | အမည် | ရာထူး | တာဝန် |
|---|---|---|---|
| (၁) | ဒေါ်နုနုယဉ် | အမြဲတမ်းအတွင်းဝန် | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာသီသီမြင့် | ဒုတိယအမြဲတမ်းအတွင်းဝန် | အဖွဲ့ဝင် |
| (၃) | ဒေါက်တာသီတာစန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (၄) | ဦးကျော်ကျော်နိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (၅) | ဒေါ်ဖြူမာဝေ | ဒုတိယညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (၆) | ဒေါက်တာစုစုလှိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (၇) | ဦးမောင်မောင်တာ | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၈) | ဦးခင်မောင်လွင် | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၉) | ဒေါ်နှင်းသန္တာအောင် | ဒုတိယညွှန်ကြားရေးမှူး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒေါ်ငွေငွေတင့် | ဒုတိယညွှန်ကြားရေးမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၁) | ဦးဆန်းထွန်း | ခရိုင်ဥပဒေအရာရှိ<br>(ဒက္ခိဏခရိုင်ဥပဒေရုံး) | အဖွဲ့ဝင် |
| (၁၂) | ဦးသက်ခိုင်ဦး | လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၁၃) | ဦးအောင်ဘိုဘို | မြို့နယ်ဥပဒေအရာရှိ<br>(ဇမ္ဗူသီရိမြို့နယ်) | အဖွဲ့ဝင် |
| (၁၄) | ဒေါ်ပြုံးသီရိဝေ | မြို့နယ်ဥပဒေအရာရှိ<br>(ပုဗ္ဗသီရိမြို့နယ်) | အဖွဲ့ဝင် |
| (၁၅) | ဦးရဲမိုးလှိုင် | မြို့နယ်ဥပဒေအရာရှိ<br>(ဥတ္တရသီရိမြို့နယ်) | အဖွဲ့ဝင် |

(၁၆) ဒေါ်ခင်မြင့်မော် မြို့နယ်ဥပဒေအရာရှိ (ဒက္ခိဏသီရိမြို့နယ်) အဖွဲ့ဝင်

(၁၇) ဦးဇော်မောင်မောင်လေး ဒုတိယညွှန်ကြားရေးမှူး အတွင်းရေးမှူး

ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အရည်အသွေးစစ်ဆေးခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်စစ်ဆေးခြင်း၊

(ခ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုသည် စာချုပ်တွင်သတ်မှတ်ဖော်ပြထားသည့် အချက်များ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂ) ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်" ပါ ဆောင်ရွက်ရမည့် အချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) လုပ်ငန်းအပ်နှံစာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(င) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

ဝင်းမြင့်
ဥက္ကဋ္ဌ
တင်ဒါကော်မတီ

## ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်၊ ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## (၂၀၁၉ ခုနှစ်၊ ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁၆။)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)

ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁

### အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို **၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

### အပိုင်း ၂

### ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ

### အခန်း (၁)

### ရငွေများနှင့် သုံးငွေများ

၂။ ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသောရငွေများအနက် ပြည်ထောင်စုမှ ထောက်ပံ့ငွေ၊ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ပိုမိုရရှိသောငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ပြည်နယ်လွှတ်တော်၏အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

၄။ (က) ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသောသုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ (၃)၊ ပုဒ်မခွဲ (ဃ) အရ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့်အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း ပြည်နယ်လွှတ်တော်သို့တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေ၏ပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည်။

(ဃ) ပြည်နယ်အစိုးရအဖွဲ့သည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများ စီမံခန့်ခွဲသုံးစွဲရာတွင် ပြည်နယ်လွှတ်တော်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၅။ ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အခန်း (၂)

## ငွေချေးယူခြင်း

၆။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်လွှတ်တော်၏အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်နယ်အစိုးရဌာနတစ်ခုခုအား ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူခွင့်ပြုနိုင်သည်။ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ရရှိသောချေးငွေများကို နိုင်ငံတော်နှင့်အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သောစည်းကမ်းများ သတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်။

၇။ (က) ပြည်နယ်အစိုးရအဖွဲ့သည် ဤအခန်း (၂) ပါ ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်နယ်ဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်နယ်ဝန်ကြီးသည် ဤအခန်း (၂) အရ ငွေချေးယူသော ကိစ္စရပ်များအတွက် ပြည်နယ်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

## အပိုင်း ၃

## အရေးပေါ်ရန်ပုံငွေ

၈။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ဇယား (၄) တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်အစိုးရက မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စရပ်အတွက် အသုံးစရိတ်ဖြစ်ပြီး အရအသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်တွင် ပါဝင်ခြင်းမရှိသော ကြိုတင်မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့်ကိစ္စရပ်များ အသုံးစရိတ်အတွက် သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) နှင့် (ခ) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

အယ်လ်ဖောင်းရှို
ဝန်ကြီးချုပ်
ကယားပြည်နယ်အစိုးရအဖွဲ့

ဇယား (၁)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်ချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | အရေးပေါ်ရန်ပုံငွေ | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၀. ၀၀၀ | | | ၃,၀၆၀. ၄၀၂ | | | ၇၀၀. ၀၀၀ | | | | ၃,၇၈၀. ၄၀၂ |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | ၄. ၈၀၀ | | | | | | | ၄. ၈၀၀ |
| ၃ | ပြည်နယ်တရားလွှတ်တော်ချုပ် | ပြည်နယ်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | | ၁၀. ၀၀၀ | | | | | | | ၁၀. ၀၀၀ |
| ၄ | ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | | ၀. ၀၂၂ | | | | | | | ၀. ၀၂၂ |
| ၅ | ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | | ၀. ၀၅၄ | | | | | | | ၀. ၀၅၄ |
| | **ပေါင်း** | | **၂၀. ၀၀၀** | | | **၃,၀၇၅. ၂၇၈** | | | **၇၀၀. ၀၀၀** | | | | **၃,၇၉၅. ၂၇၈** |

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်ချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား (၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အရေးပေါ်ရန်ပုံငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | အတိုးပေးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃,၈၁၃. ၀၅၀ | | ၇၀၀. ၀၀၀ | ၂၃,၈၁၁. ၂၀၈ | | | | | **၂၈,၃၂၄. ၂၅၈** |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၈၇. ၉၁၄ | | | ၂၉၂. ၈၈၃ | | | | | **၈၈၀. ၇၉၇** |
| ၃ | ပြည်နယ်တရားလွှတ်တော်ချုပ် | ပြည်နယ်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၅. ၀၀၇ | | | | | | | | **၅၅. ၀၀၇** |
| ၄ | ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၂၄၈. ၆၂၆ | | | ၁၆၅. ၇၁၁ | | | | | **၄၁၄. ၃၃၇** |
| ၅ | ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၄၃၂. ၂၀၅ | | | ၁၁၁. ၃၃၈ | | | | | **၅၄၃. ၅၄၃** |
| | **ပေါင်း** | | **၅,၁၃၆. ၈၀၂** | | **၇၀၀. ၀၀၀** | **၂၄,၃၈၁. ၁၄၀** | | | | | **၃၀,၂၁၇. ၉၄၂** |

ဇယား (၃)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | အခြားသာမန်ရငွေ | အရေးပေါ်ရန်ပုံငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| **၁** | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့်အခွန်အကောက်** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၈၂. ၁၆၃** | | | | | | | | | | **၈၂. ၁၆၃** |
| | ၁ ယစ်မျိုးခွန် | | ၈၂. ၁၆၃ | | | | | | | | | | ၈၂. ၁၆၃ |
| **၂** | **နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **ဋ္ဌင်း** | **၆၉. ၁၂၈** | | | | | | | | | | **၆၉. ၁၂၈** |
| | ၁ မြေယာပေါ်တွင်ကောက်ခံသည့် အခွန် | | ၂၄. ၄၁၁ | | | | | | | | | | ၂၄. ၄၁၁ |
| | ၂ ရေခွန် | | | | | | | | | | | | |
| | ၃ တာတမံခွန် | | | | | | | | | | | | |
| | ၄ သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်သစ်တောခွန် | | ၂၀. ၅၁၇ | | | | | | | | | | ၂၀. ၅၁၇ |
| | ၅ ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ) | | ၂၃. ၄၀၀ | | | | | | | | | | ၂၃. ၄၀၀ |
| | ၆ ငါးလုပ်ငန်းဆိုင်ရာအခွန်အခ | | ၀. ၈၀၀ | | | | | | | | | | ၀. ၈၀၀ |
| **၃** | **စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | **ဋ္ဌင်း** | **၂၂၈. ၇၇၅** | | | | | | | | | | **၂၂၈. ၇၇၅** |
| | ၁ ပစ္စည်းခွန် | | ၁၆၃. ၀၂၀ | | | | | | | | | | ၁၆၃. ၀၂၀ |
| | ၂ ဘီးခွန် | | ၆၅. ၇၅၅ | | | | | | | | | | ၆၅. ၇၅၅ |
| | ၃ အမြတ်ခွန်မှရရှိသောဝေစု | | | | | | | | | | | | |
| **၄** | **ပြည်နယ်အဆင့် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ** | **ဋ္ဌင်း** | | | | | | | | | | | |
| **၅** | **မြေခွန်စည်းကြပ်ခ** | | | | | | | | | | | | |

ဇယား (၃)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

## ပြည်နယ်အဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | အခြားသာမန်ရငွေ | အရေးပေါ်ရန်ပုံငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | | **ပြည်ထဲရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | **၃. ၀၈၅** | | | | | | | | | **၃. ၀၈၅** |
| | ၁ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | ၀. ၀၈၅ | | | | | | | | | ၀. ၀၈၅ |
| | ၂ | မီးသတ်ဦးစီးဌာန | | | ၃. ၀၀၀ | | | | | | | | | ၃. ၀၀၀ |
| ၂ | | **ပြည်ထောင်စုအစိုးရအဖွဲ့ရုံး** | ၎င်း | | **၈. ၅၄၀** | | | | | | | | | **၈. ၅၄၀** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | ၈. ၅၄၀ | | | | | | | | | ၈. ၅၄၀ |
| ၃ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | ၎င်း | | **၂၈. ၁၅၃** | | | | | | | | | **၂၈. ၁၅၃** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | ၃. ၈၅၀ | | | | | | | | | ၃. ၈၅၀ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | ၀. ၀၆၀ | | | | | | | | | ၀. ၀၆၀ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | ၂၀. ၄၆၅ | | | | | | | | | ၂၀. ၄၆၅ |
| | ၄ | သမဝါယမဦးစီးဌာန | | | ၂. ၁၆၈ | | | | | | | | | ၂. ၁၆၈ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | ၁. ၆၁၀ | | | | | | | | | ၁. ၆၁၀ |
| ၄ | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၎င်း | | **၂. ၅၅၀** | | | | | | | | | **၂. ၅၅၀** |
| | ၁ | သစ်တောဦးစီးဌာန | | | ၂. ၅၀၀ | | | | | | | | | ၂. ၅၀၀ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | ၀. ၀၅၀ | | | | | | | | | ၀. ၀၅၀ |
| ၅ | | **ကျန်းမာရေးနှင့် အားကစား** | ၎င်း | | **၁၂. ၅၂၂** | | | | | | | | | **၁၂. ၅၂၂** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | ၁၂. ၅၂၂ | | | | | | | | | ၁၂. ၅၂၂ |
| ၆ | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | ၎င်း | | **၀. ၃၄၃** | **၁,၀၀၀. ၀၀၀** | | | | **၆၅,၀၁၉. ၈၅၂** | | | | **၆၆,၀၂၀. ၁၉၅** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | ၀. ၃၁၃ | | | | | | | | | ၀. ၃၁၃ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | | ၀. ၀၂၀ | | | | | | | | | ၀. ၀၂၀ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | ၀. ၀၁၀ | ၁,၀၀၀. ၀၀၀ | | | | ၆၅,၀၁၉. ၈၅၂ | | | | ၆၆,၀၁၉. ၈၆၂ |
| ၇ | | **ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး** | ၎င်း | | **၀. ၅၄၂** | | | | | | | | | **၀. ၅၄၂** |
| | ၁ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | | ၀. ၅၄၂ | | | | | | | | | ၀. ၅၄၂ |
| ၈ | | **ဆောက်လုပ်ရေး** | ၎င်း | | **၇၀. ၀၉၆** | | | **၀. ၂၀၀** | | | | | | **၇၀. ၂၉၆** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | ၆၀. ၄၉၆ | | | ၀. ၂၀၀ | | | | | | ၆၀. ၆၉၆ |
| | ၂ | လမ်းဦးစီးဌာန | | | ၆. ၆၀၀ | | | | | | | | | ၆. ၆၀၀ |
| | ၃ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | | ၃. ၀၀၀ | | | | | | | | | ၃. ၀၀၀ |
| ၉ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | | **၁,၂၄၂. ၇၃၄** | | | | | | | | | **၁,၂၄၂. ၇၃၄** |
| | | **ပေါင်း** | | **၃၈၀. ၀၆၆** | **၁,၃၆၈. ၅၆၅** | **၁,၀၀၀. ၀၀၀** | | **၀. ၂၀၀** | | **၆၅,၀၁၉. ၈၅၂** | | | | **၆၇,၇၆၈. ၆၈၃** |

## ပြည်နယ်အဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အရေးပေါ် ရန်ပုံငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| **၁** | | **ပြည်ထဲရေး** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၁,၂၃၅. ၂၂၀** | | | | **၁,၃၇၁. ၄၄၂** | | | | **၂,၆၀၆. ၆၆၂** |
| | ၁ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၂၉၈. ၇၈၇ | | | | ၄၇၃. ၇၅၇ | | | | ၇၇၂. ၅၄၄ |
| | ၂ | မီးသတ်ဦးစီးဌာန | | ၉၃၆. ၄၃၃ | | | | ၈၉၇. ၆၈၅ | | | | ၁,၈၃၄. ၁၁၈ |
| **၂** | | **ပြည်ထောင်စုအစိုးရအဖွဲ့ရုံး** | **၎င်း** | **၂,၂၃၀. ၃၂၀** | | | | **၁,၁၅၈. ၀၇၀** | | | | **၃,၃၈၈. ၃၉၀** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၂,၂၃၀. ၃၂၀ | | | | ၁,၁၅၈. ၀၇၀ | | | | ၃,၃၈၈. ၃၉၀ |
| **၃** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | **၎င်း** | **၁,၅၅၂. ၇၀၆** | | | | **၂,၈၄၀. ၁၈၆** | | | | **၄,၃၉၂. ၈၉၂** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၈၄၃. ၃၂၅ | | | | ၂,၄၉၀. ၂၅၅ | | | | ၃,၃၃၃. ၅၈၀ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၉၃. ၂၂၁ | | | | ၃၇. ၉၉၃ | | | | ၁၃၁. ၂၁၄ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၂၂၁. ၃၅၈ | | | | ၂၁၆. ၀၀၇ | | | | ၄၃၇. ၃၆၅ |
| | ၄ | သမဝါယမဦးစီးဌာန | | ၂၇၀. ၉၈၉ | | | | ၁၇. ၈၅၀ | | | | ၂၈၈. ၈၃၉ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၂၃. ၈၁၃ | | | | ၇၈. ၀၈၁ | | | | ၂၀၁. ၈၉၄ |
| **၄** | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **၎င်း** | **၆၄၆. ၀၃၁** | | | | **၂၇၄. ၉၃၅** | | | | **၉၂၀. ၉၆၆** |
| | ၁ | သစ်တောဦးစီးဌာန | | ၄၆၉. ၁၁၃ | | | | ၁၀၉. ၉၇၆ | | | | ၅၇၉. ၀၈၉ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၁၇၆. ၉၁၈ | | | | ၁၆၄. ၉၅၉ | | | | ၃၄၁. ၈၇၇ |
| **၅** | | **ကျန်းမာရေးနှင့် အားကစား** | **၎င်း** | **၃၈၅. ၅၆၄** | | | | **၁,၁၈၄. ၁၂၇** | | | | **၁,၅၆၉. ၆၉၁** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၃၈၅. ၅၆၄ | | | | ၁,၁၈၄. ၁၂၇ | | | | ၁,၅၆၉. ၆၉၁ |
| **၆** | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | **၎င်း** | **၅၂၆. ၂၇၇** | **၁,၀၀၀. ၀၀၀** | | | **၄၆၆. ၅၀၀** | | | | **၁,၉၉၂. ၇၇၇** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၃၂၈. ၁၁၂ | | | | ၁၉၁. ၁၆၇ | | | | ၅၁၉. ၂၇၉ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၈၈. ၈၂၂ | | | | ၄၄. ၇၈၅ | | | | ၁၃၃. ၆၀၇ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၀၉. ၃၄၃ | ၁,၀၀၀. ၀၀၀၀ | | | ၂၃၀. ၅၄၈ | | | | ၁,၃၃၉. ၈၉၁ |
| **၇** | | **ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး** | **၎င်း** | **၇၅. ၃၂၅** | | | | **၁၇. ၃၃၈** | | | | **၉၂. ၆၆၃** |
| | ၁ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၇၅. ၃၂၅ | | | | ၁၇. ၃၃၈ | | | | ၉၂. ၆၆၃ |
| **၈** | | **ဆောက်လုပ်ရေး** | **၎င်း** | **၁,၃၃၇. ၁၆၃** | | | | **၁၆,၀၄၈. ၅၄၇** | | | | **၁၇,၃၈၅. ၇၁၀** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၃၅၈. ၃၄၇ | | | | ၂,၇၆၉. ၃၉၇ | | | | ၃,၁၂၇. ၇၄၄ |
| | ၂ | လမ်းဦးစီးဌာန | | ၇၈၅. ၄၁၀ | | | | ၇,၃၂၂. ၅၀၀ | | | | ၈,၁၀၇. ၉၁၀ |
| | ၃ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၉၃. ၄၀၆ | | | | ၅,၉၅၆. ၆၅၀ | | | | ၆,၁၅၀. ၀၅၆ |
| **၉** | | **စည်ပင်သာယာရေးအဖွဲ့များ** | **၎င်း** | **၂,၄၉၄. ၆၆၈** | | | | **၆,၅၀၁. ၆၀၀** | | | | **၈,၉၉၆. ၂၆၈** |
| | | ပေါင်း | | **၁၀,၄၈၃. ၂၇၄** | **၁,၀၀၀. ၀၀၀** | | | **၂၉,၈၆၂. ၇၄၅** | | | | **၄၁,၃၄၆. ၀၁၉** |

**[ ယခင်အပတ် ရခိုင်ပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဥပဒေ (၂၀၁၉ ခုနှစ်၊ ရခိုင်ပြည်နယ်လွှတ်တော်ဥပဒေ အမှတ် ၂။) မှအဆက် ]**

## အခန်း (၅)
## ပြည်နယ်ဦးစီးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ပြည်နယ်ဦးစီးမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အခြေခံမူများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောနည်းပညာရပ်များ ဖော်ထုတ်ခြင်း၊ စမ်းသပ်တီထွင်ခြင်း၊ နည်းပညာသင်တန်းအစီအစဉ်နှင့် သတင်းအချက်အလက် ဖြန့်ဖြူးခြင်းများကို ဆောင်ရွက်ခြင်း၊

(ဂ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ တီထွင်စမ်းသပ်ခြင်းနှင့် သုတေသနပြုလုပ်ခြင်းမှ ရရှိသော ရလဒ်များကို လုပ်ငန်းများတိုးတက်ရေးအတွက် အသုံးပြုခြင်းနှင့် လုပ်ငန်းရှင်များသို့ ဖြန့်ဝေနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊

(ဃ) သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ အခွန်သက်သာခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးခြင်း၊

(င) ပြည်တွင်းပြည်ပ ကုန်ပစ္စည်းပြပွဲများတွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများမှ ထုတ်လုပ်သော စံချိန်စံညွှန်းမီ ကုန်ပစ္စည်းများကို ပြသနိုင်ရန်နှင့် ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(စ) နှီးနှောဖလှယ်ပွဲများပြုလုပ်ခြင်း၊ ကျွမ်းကျင်သူများ စုစည်းပေးခြင်း၊ ပြပွဲပြိုင်ပွဲပြုလုပ်၍ ဆုများချီးမြှင့်ခြင်း၊ ဉာဏ်ပူဇော်ခ ချီးမြှင့်ခြင်း၊

(ဆ) ပြည်တွင်းပြည်ပ ချေးငွေများနှင့် ထောက်ပံ့ကြေးများ ရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဇ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စုပေါင်းလုပ်ကိုင်နိုင်ရန် အသင်းအဖွဲ့ ဖွဲ့စည်းပေးခြင်း၊

(ဈ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို အများပြည်သူတို့ သိရှိနိုင်ရန်နှင့် ပြည်တွင်းပြည်ပ အဖွဲ့ အစည်းများနှင့် ဆက်စပ်နိုင်ရန် သတင်းအချက်အလက်ပြန့်ပွားစေမည့် နည်းလမ်းများ အသုံးပြု၍ ဆောင်ရွက်ပေးခြင်း၊

(ည) ဝန်ကြီးမှ ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းပေးထားသော ကော်မတီ၏ အကြံပြုညွှန်ကြားချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

၁၀။ ပြည်နယ်ဦးစီးမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုဒ်မ ၅ အရ မှတ်ပုံတင်ထားသော အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို စစ်ဆေးခြင်းနှင့် စာရင်းများတောင်းခံခြင်း၊

(ခ) ဤဥပဒေအရ ထုတ်ပြန်သောအမိန့် သို့မဟုတ် ညွှန်ကြားချက်ကို မလိုက်နာသော လုပ်ငန်းရှင်၏ မှတ်ပုံတင်ကို ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊

(ဂ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမိန့်၊ ညွှန်ကြားချက်များကို ဤဥပဒေနှင့်အညီ ထုတ်ပြန်ခြင်း၊

(ဃ) မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဦးစီးဌာနရှိ အရာရှိတစ်ဦးဦးအားဖြစ်စေ၊ အဖွဲ့အားဖြစ်စေ လွှဲအပ်၍ ဆောင်ရွက်စေခြင်း၊

(င) အခါအားလျော်စွာ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ ကူညီဆောင်ရွက်ခြင်း၊

(စ) နှစ်အလိုက် ထုတ်ပြန်ထားသော ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့်အညီ အသစ်ထူထောင် ထားသော စက်မှုလက်မှုလုပ်ငန်းများ အခွန်ကင်းလွတ်ခွင့်ရရှိစေရန် ကူညီဆောင်ရွက်ပေးခြင်း။

## အခန်း (၆)
## ဝန်ကြီး၏လုပ်ပိုင်ခွင့်များ

၁၁။ ဝန်ကြီးသည် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါအမိန့်များကို ချမှတ်နိုင်သည်-

(က) မှတ်ပုံတင်ပေးခြင်း၊

(ခ) မှတ်ပုံတင်ကို ဆိုင်းငံ့ခြင်း၊

(ဂ) မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခြင်း။

၁၂။ ဝန်ကြီးသည်-

(က) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ မြှင့်တင်ရေးအတွက် အစီအမံများ ချမှတ်နိုင်သည်။

(ခ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို အထောက်အကူပြုနိုင်ရန်နှင့် ကြီးကြပ်နိုင်ရန် လိုအပ်သည့် အဖွဲ့များကို ဖွဲ့စည်းခြင်း၊ အကြံပေးပုဂ္ဂိုလ်များကို ခန့်ထားနိုင်ခြင်းပြုနိုင်သည်။ ထိုသို့ ဖွဲ့စည်းခြင်း၊ ခန့်ထားခြင်းပြုလုပ်ပါက ယင်းအဖွဲ့နှင့် အကြံပေးပုဂ္ဂိုလ်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၁၃။ ဝန်ကြီးသည်-

(က) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဟုတ် မဟုတ်နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက ပြည်နယ်ဦးစီးမှူး၏တင်ပြချက်များကို စိစစ်၍ အဆုံးအဖြတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၁၄။ ဝန်ကြီးသည် လုပ်ငန်းရှင်က တင်သွင်းလာသော အယူခံမှုကို အဆုံးအဖြတ်ပေးရမည်။

၁၅။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ပအကူအညီရယူနိုင်ခြင်း၊ နားလည်မှုစာချွန်လွှာရေးထိုးခြင်း ဆောင်ရွက်နိုင်သည်။

## အခန်း (၇)
## မှတ်ပုံတင်ပျက်ပြယ်ခြင်း

၁၆။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လာသည့်အခါ မှတ်ပုံတင်ပျက်ပြယ်သည်-

(က) မှတ်ပုံတင်သက်တမ်းကုန်ဆုံးခြင်း၊

(ခ) လုပ်ငန်းရှင်က မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးပါရန် လျှောက်ထားခြင်းကို ခွင့်ပြုခြင်း၊

(ဂ) မှတ်ပုံတင်ပယ်ဖျက်ခံရခြင်း၊

(ဃ) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ လုပ်ငန်းရပ်စဲခံရခြင်း။

## အခန်း (၈)
## အယူခံခြင်း

၁၇။ လုပ်ငန်းရှင်သည် ပြည်နယ်ဦးစီးမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၁၈။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်။

## အခန်း (၉)
## စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်း

၁၉။ လုပ်ငန်းရှင်သည်-

(က) ပုဒ်မ ၇ ပါ တာဝန်သတ်မှတ်ချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ခ) ပုဒ်မ ၈ ပါ ခံစားနိုင်ခွင့်တစ်ရပ်ရပ်ကို တစ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ အလွဲသုံးစားပြုခြင်း မပြုလုပ်ရ။

၂၀။ ပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သော လုပ်ငန်းရှင်သည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်ခြင်းခံရမည်-

(က) သတိပေးခြင်း၊

(ခ) ကျပ် တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်စေခြင်း၊

(ဂ) မှတ်ပုံတင်ကို နှစ်အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) မှတ်ပုံတင်ကို ပယ်ဖျက်ခြင်း။

၂၁။ ပြည်နယ်ဦးစီးမှူးသည် ပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူ လုပ်ငန်းရှင်အား ပုဒ်မ ၂၀ ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်ရမည်။

၂၂။ ပြည်နယ်ဦးစီးမှူးက တပ်ရိုက်သောဒဏ်ကြေးငွေကို သက်ဆိုင်ရာ လုပ်ငန်းရှင်က ပေးဆောင်ရန် ပျက်ကွက်လျှင် ယင်းဒဏ်ကြေးငွေကို အခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ဦးစီးဌာနက ကောက်ခံရမည်။

## အခန်း (၁၀)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၃။ မည်သူမဆို ဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိဘဲ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ် သုံးသိန်းအထိ ချမှတ်ရမည်။

၂၄။ မည်သူမဆို ပုဒ်မ ၂၃ အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီးနောက် ယင်းပြစ်မှုကို ဆက်လက်ဖောက်ဖျက်ကျူးလွန်ပါက ဆက်လက် ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့် နေ့အသီးသီးအတွက် ထိုသူကို တစ်နေ့လျှင် ငွေဒဏ် ကျပ် တစ်သောင်း ချမှတ်ရမည်။

## အခန်း (၁၁)
## အထွေထွေ

၂၅။ ဤဥပဒေအရ ပြည်နယ်ဦးစီးမှူးက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်သည် တည်ဆဲပြစ်မှုဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ အရေးယူတရားစွဲဆိုခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ လိုအပ်သော လုပ်ထုံးလုပ်နည်းများ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

(ခ) ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ညီပု
ဝန်ကြီးချုပ်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်<br>( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

ရန်ကုန်မြို့၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

အမှတ် ၆။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်စွဲပါ စာအမှတ်၊ စဘစ/ဘဏ္ဍာ-၁/၂/၄-၁ (၈၃၅၈/၂၀၁၉) အရ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ အောက်ဖော်ပြပါ ကြီးကြပ်ရေးမှူးများအား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့ နံနက်ပိုင်းမှစတင်၍ လက်ထောက်မန်နေဂျာ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်-

(က) ဒေါ်တင်တင်လှ
(ခ) ဒေါ်မြင့်မြင့်သန်း-၁
(ဂ) ဒေါ်နေလင်းအေး
(ဃ) ဒေါ်သူဇာမော်
(င) ဒေါ်ခိုင်သုစံ
(စ) ဒေါ်ဥမ္မာဦး
(ဆ) ဒေါ်လှလှနွယ်
(ဇ) ဒေါ်ညိုညိုသန်း
(ဈ) ဒေါ်အေးသီတာ
(ည) ဒေါ်မြတ်မြတ်မော်

ကေသီ
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

### ငွေတိုက်ဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်စွဲပါ စာအမှတ်၊ စဘစ/ဘဏ္ဍာ-၁/၂/၄-၁ (၈၃၅၇/၂၀၁၉) ဖြင့် ခွင့်ပြုချက်အရ ငွေတိုက်ဦးစီးဌာနမှ အောက်ပါ စိစစ်ရေးမှူး-၂ များအား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနတွင် ဦးစီးအရာရှိ ရာထူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) သို့ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် |
|---|---|
| ၁။ | ဒေါ်လှမိုင် |
| ၂။ | ဒေါ်မိုးမိုးထွေး |
| ၃။ | ဒေါ်ပြည့်ဖြိုးအေး |
| ၄။ | ဒေါ်နှင်းယုနွယ် |
| ၅။ | ဦးနေမျိုးအောင် |
| ၆။ | ဒေါ်ခင်မေဦး |
| ၇။ | ဒေါ်ဖြူဖြူဝင်း |
| ၈။ | ဒေါ်သင်းသွယ်သွယ်ညိမ်း |
| ၉။ | ဦးဖြိုးမင်းကျော် |
| ၁၀။ | ဒေါ်တင်တင်နွယ် |

စီစီပြုံး
ညွှန်ကြားရေးမှူးချုပ်
ငွေတိုက်ဦးစီးဌာန

# ပြည်တွင်းအခွန်များဦးစီးဌာန

## လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်အမှတ် (၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

## ကုန်စည်တင်ပို့သူ (Exporter) နှင့် တင်သွင်းသူ (Importer) များက ပို့ကုန်သွင်းကုန်ဆိုင်ရာ အထောက်အထားများအား မှန်ကန်စွာတင်ပြကြရန်ကိစ္စ

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၁၊ ပုဒ်မခွဲ (ဂ) နှင့် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများ စည်းမျဉ်း ၅၅၊ စည်းမျဉ်းခွဲ (ခ) တို့ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ကုန်စည်တင်ပို့သူ (exporter) နှင့် တင်သွင်းသူ (importer) များအနေဖြင့် ကုန်စည်တင်ပို့ခြင်းနှင့် ကုန်စည်တင်သွင်းခြင်းတို့အပေါ် အခွန် တွက်ချက်ရန် ရောင်းရငွေနှင့် ကုန်ကျစရိတ်များကို ဖော်ပြရာတွင် အမှန်တကယ်ရောင်းချလိုက်သည့် အရောင်း တန်ဖိုး၊ အမှန်တကယ်ကုန်ကျသည့်စရိတ်တို့ကို အခြေပြု၍ တင်ပြသွားကြရန်အတွက် ဤလိုက်နာကျင့်သုံးရန် သတ်မှတ်ချက်ကို ထုတ်ပြန်ရခြင်းဖြစ်ပါသည်။

### သက်ဆိုင်သည့်အကြောင်းအရာ

၂။ ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာတင်သွင်းရာတွင် ရောင်းရငွေ/ရငွေတင်ပြခြင်းများနှင့် ဝင်ငွေကြေညာလွှာတင်သွင်းရာတွင် ဝင်ငွေနှင့်စရိတ် တင်ပြတောင်းခံခြင်းနှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များ ဦးစီးဌာနက မည်ကဲ့သို့ ကျင့်သုံးဆောင်ရွက်ကြောင်း ရှင်းလင်းအသိပေးချက်ဖြစ်ပါသည်။

### အကျိုးသက်ရောက်သူများ

၃။ ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်သည် ကုန်စည်တင်ပို့သူ (Exporter) နှင့် တင်သွင်းသူ (Importer) များအပေါ် အကျိုးသက်ရောက်ပါသည်။

### သက်ဆိုင်ရာအဓိပ္ပာယ်ဖော်ပြချက်

၄။ အခွန်ထမ်းများအားလုံးအပေါ် တစ်ပြေးညီ ကျင့်သုံးနိုင်ရန်နှင့် နားလည်သဘောပေါက်လွယ်ကူစေရန် အောက်ပါစကားရပ်များအား သတ်မှတ်လိုက်သည်-

(က) **စိစစ်သတ်မှတ်တန်ဖိုး (Assessed Value)-** ပို့ကုန်သွင်းကုန်ဆိုင်ရာ ကိစ္စရပ်များအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အတည်ပြုပြီး အကောက်ခွန်ဦးစီးဌာနက လက်သင့်ခံထားသောတန်ဖိုးဖြစ်ပါသည်။

(ခ) **လိုအပ်ချက်အရပြုလုပ်ထားသည့်ငွေတောင်းခံလွှာ (Pro-forma Invoice)**- ကုန်ပစ္စည်းအတွက် အမှန်တကယ်ပေးချေခဲ့ရသည့်တန်ဖိုးမဟုတ်သော်လည်း သက်ဆိုင်ရာက စိစစ်အတည်ပြုနိုင်ရန် သတ်မှတ်တန်ဖိုး **(Assessed Value)** အား ဖြည့်သွင်းဖော်ပြထားသည့် ငွေတောင်းခံလွှာ တစ်ခုဖြစ်ပါသည်။

(ဂ) **ငွေတောင်းခံလွှာ (Commercial Invoice)**- စိစစ်သတ်မှတ်တန်ဖိုး (Assessed Value) အတိုင်း အကောက်ခွန်ဦးစီးဌာနသို့ တင်ပြသည့် ငွေတောင်းခံလွှာဖြစ်ပါသည်။

(ဃ) **ငွေတောင်းခံလွှာအမှန် (True Commercial Invoice)**- ကုန်ပစ္စည်းရောင်းချသူက ကုန်ပစ္စည်း များ၏ တန်ဖိုးအမှန်ကိုဖော်ပြထားသည့် ငွေတောင်းခံလွှာဖြစ်ပါသည်။

### သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်

၅။ သက်ဆိုင်သည့် ဥပဒေပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) ဝင်ငွေခွန်ဥပဒေ**

(၁) ပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃)၊

(၂) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ)။

**(ခ) ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း**

(၁) စည်းမျဉ်း ၄၂၊ စည်းမျဉ်းခွဲ (က)၊ စည်းမျဉ်းခွဲငယ် (၁)၊

(၂) စည်းမျဉ်း ၄၂၊ စည်းမျဉ်းခွဲ (ခ)၊ စည်းမျဉ်းခွဲငယ် (၁)၊

(၃) စည်းမျဉ်း ၄၂၊ စည်းမျဉ်းခွဲ (ဂ)၊ စည်းမျဉ်းခွဲငယ် (၁)။

**(ဂ) အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ**

(၁) ပုဒ်မ ၂၀၊

(၂) ပုဒ်မ ၂၇၊

(၃) ပုဒ်မ ၆၆၊

(၄) ပုဒ်မ ၆၈၊

(၅) ပုဒ်မ ၆၉၊ ပုဒ်မခွဲ (က)၊

(၆) ပုဒ်မ ၇၀၊

(၇) ပုဒ်မ ၇၇၊

(၈) ပုဒ်မ ၇၈။

**(ဃ) ရာဇသတ်ကြီး**

(၁) ပုဒ်မ ၁၇၇။

**လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်**

၆။ အခွန်ထမ်းများအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာနှင့် ဝင်ငွေကြေညာလွှာတင်သွင်းရာတွင် **ငွေတောင်းခံလွှာအမှန် (True Commercial Invoice) ပါ တန်ဖိုးကို အခြေပြု၍ ဖြည့်သွင်းဖော်ပြရမည်။** ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့အရ ပေးဆောင်ရမည့်အခွန်ကို တွက်ချက်သည့်အခါ ဝင်ငွေရရှိရန် ကုန်ကျသည့်စရိတ်ကိုသာ အသုံးစရိတ်အဖြစ် ခွင့်ပြုမည်ဖြစ်ပြီး ထိုအသုံးစရိတ်ပမာဏသည် အမှန်တကယ်ပေးချေလိုက်ရသည့်ပမာဏဖြစ်ရမည်။ ယင်းပမာဏအား အသုံးစရိတ်အဖြစ် တင်ပြတောင်းခံရာတွင် ကုန်စည်ဝယ်ယူခြင်းနှင့် ငွေပေးချေခြင်းဆိုင်ရာ အထောက်အထားဖြစ်သည့် ငွေတောင်းခံလွှာအမှန် (True Commercial Invoice) ပါ တန်ဖိုးကို အခြေပြု၍ တင်ပြတောင်းခံရမည်။

၇။ ထိုနည်းတူစွာ တင်ပို့လိုက်သောကုန်စည်၏ **စိစစ်သတ်မှတ်တန်ဖိုး (Assessed Value) အပေါ် အခြေမခံဘဲ ပို့ကုန်ကုန်စည်၏ အမှန်တကယ် ရောင်းဈေးတန်ဖိုးအပေါ် အခြေပြု၍** ကုန်စည်တင်ပို့ခြင်းမှ ရရှိသောဝင်ငွေကို တွက်ချက်ဖော်ပြရမည်။ အမှန်တကယ် ရောင်းချလိုက်သည့်တန်ဖိုးနှင့် ငွေလက်ခံရရှိမှု အထောက်အထားကို အခြေပြု၍ ပို့ကုန်ရောင်းရငွေကို တင်ပြရမည်ဖြစ်ပါသည်။

၈။ ကုန်စည်တင်သွင်းခြင်းအတွက် ပေးဆောင်ခဲ့သော ကုန်သွယ်လုပ်ငန်းခွန်သည် ကြိုတင်ခွန်ဖြစ်ပြီး ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၂၊ စည်းမျဉ်းခွဲ (က)၊ စည်းမျဉ်းခွဲငယ် (၁)၊ စည်းမျဉ်းခွဲ (ခ)၊ စည်းမျဉ်းခွဲငယ် (၁) နှင့် စည်းမျဉ်းခွဲ (ဂ)၊ စည်းမျဉ်းခွဲငယ် (၁) တို့အရ အမှန်တကယ်ပေးဆောင်ခဲ့သည့် ပမာဏကိုသာ ခုနှိမ်ခွင့်ပြုမည်ဖြစ်ပါသည်။

၉။ ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကို ပိုမိုရှင်းလင်းစွာသိရှိနိုင်ရန် အောက်ပါဥပမာဖြစ်စဉ်များဖြင့် ရှင်းလင်းဖော်ပြပါသည်-

**(က) နမူနာ- ၁**

(၁) ဖြစ်စဉ်။ မြန်မာနိုင်ငံအတွင်းရှိ ကုမ္ပဏီ **"A"** သည် ပြည်ပနိုင်ငံရှိ ကုမ္ပဏီ **"B"** သို့ ကုန်စည်များ တင်ပို့ခြင်းကို ဆောင်ရွက်လျက်ရှိပြီး ထိုသို့ တင်ပို့ရာတွင် ၎င်းကုန်စည်များ၏ စိစစ်သတ်မှတ်တန်ဖိုး (Assessed Value) အား ဈေးကွက်ပေါက်ဈေးအမှန်အတိုင်း ဖော်ပြထားခြင်းမရှိပါ။ ငွေတောင်းခံလွှာ (Commercial Invoice) နှင့် ပို့ကုန်ကြေညာလွှာ (Export Declaration Form) တွင် အကောက်ခွန်ဦးစီးဌာနက သတ်မှတ်ထားသည့်တန်ဖိုးအတိုင်း ကြိုတင်ဖြည့်သွင်း ဖော်ပြထားသည့် တန်ဖိုးများ သို့မဟုတ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတ်မှတ်တန်ဖိုးများကို အခြေပြု၍ အကောက်ခွန်ဦးစီးဌာနက သတ်မှတ်သည့် တန်ဖိုးများကို ဖော်ပြထားသည်။

(၂) **လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ကုမ္ပဏီ **"A"** သည် ပို့ကုန်ရောင်းရငွေအတွက် အမှန်တကယ် ရောင်းချလိုက်သည့်တန်ဖိုးနှင့် ငွေလက်ခံရရှိမှု အထောက်အထားတို့အတွက် ငွေတောင်းခံလွှာအမှန် (True Commercial Invoice) ကို ပြသရမည်။ ကုမ္ပဏီ **"A"** မှ ကုန်စည်တင်ပို့ခြင်းအတွက် တင်ပြလာသည့် ပို့ကုန်ရောင်းရငွေသည် ငွေတောင်းခံလွှာအမှန် (True Commercial Invoice) ပါ တန်ဖိုးနှင့်ကွဲပြားနေပါက ကုမ္ပဏီ **"A"** မှ တင်ပြလာသည့် တန်ဖိုးအတိုင်း ဝင်ငွေခွန်တွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်မည်မဟုတ်ပါ။

**(ခ) နမူနာ- ၂**

(၁) **ဖြစ်စဉ်။** မြန်မာနိုင်ငံအတွင်းရှိ ကုမ္ပဏီ **"C"** သည် ပြည်ပနိုင်ငံရှိ ကုမ္ပဏီ **"D"** ထံမှ ကုန်စည်များ တင်သွင်းရောင်းချခြင်းကို ဆောင်ရွက်လျက်ရှိပြီး ထိုသို့ တင်သွင်းရာတွင် ၎င်းကုန်စည်များ၏ စိစစ်သတ်မှတ်တန်ဖိုး (Assessed Value) အား ဈေးကွက်ပေါက်ဈေးအမှန်အတိုင်း ဖော်ပြထားခြင်းမရှိပါ။ ငွေတောင်းခံလွှာ (Commercial Invoice) နှင့် သွင်းကုန်ကြေညာလွှာ (Import Declaration Form) တို့တွင် အကောက်ခွန်ဦးစီးဌာနက သတ်မှတ်ထားသည့်တန်ဖိုးအတိုင်း ကြိုတင်ဖြည့်သွင်း ဖော်ပြထားသည့်တန်ဖိုးများ သို့မဟုတ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတ်မှတ်တန်ဖိုးများကို အခြေပြု၍ အကောက်ခွန်ဦးစီးဌာနက သတ်မှတ်သည့်တန်ဖိုးများကို ဖော်ပြထားသည်။

(၂) **လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ကုမ္ပဏီ **"C"** သည် ပြည်ပနိုင်ငံမှ ကုန်စည်တင်သွင်းခြင်းအပေါ် အမှန်တကယ်ပေးချေလိုက်ရသည့် ငွေပမာဏအတွက် ငွေတောင်းခံလွှာအမှန် (True Commercial Invoice) ကို တင်ပြရမည်။ ထို့ကြောင့် ကုမ္ပဏီ **"C"** မှ ကုန်စည်တင်သွင်းခြင်းအတွက် တင်ပြလာသည့်တန်ဖိုးများသည် အဆိုပါကုန်စည်အတွက် ပေးချေလိုက်ရသည့်တန်ဖိုးကိုဖော်ပြထားသော ငွေတောင်းခံလွှာအမှန် (True Commercial Invoice) ပါ တန်ဖိုးနှင့် ကွဲပြားနေပါက ကုမ္ပဏီ **"C"** မှ တင်ပြလာသည့်တန်ဖိုးအတိုင်း ဝင်ငွေခွန်တွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်မည်မဟုတ်ပါ။ ထို့နည်းတူစွာ တင်သွင်းလာသည့်ကုန်စည်များအား ပြည်တွင်းတွင် ပြန်လည်ရောင်းချခြင်းအတွက် ရောင်းရငွေဖော်ပြရာတွင်လည်း အမှန်တကယ် ရောင်းရငွေကိုသာ ဖော်ပြရမည်ဖြစ်ပါသည်။

**ချမှတ်နိုင်သည့် ဒဏ်ကြေးငွေနှင့် ပြစ်ဒဏ်များ**

၁၀။ ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ၊ ဝင်ငွေကြေညာလွှာစသည့် အခွန်ကြေညာလွှာများတွင် သွင်းကုန်တန်ဖိုး သို့မဟုတ် ပို့ကုန်တန်ဖိုးများကို ပို၍ဖော်ပြထားခြင်း သို့မဟုတ် လျှော့၍ ဖော်ပြထားခြင်းဖြစ်ပါက အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၆၈ နှင့် ပုဒ်မ ၆၉၊ ပုဒ်မခွဲ (က) တို့အရ ဒဏ်ကြေးငွေတပ်ရိုက်ခံရမည်ဖြစ်သည့်အပြင် ပုဒ်မ ၇၇ နှင့် ပုဒ်မ ၇၈ တို့အရ ရာဇဝတ်ကြောင်းအရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။ ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မှီစားမှတ်စုနှင့် မှီရှင်မှတ်စုများကို မမှန်မကန်ဖော်ပြပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၆၆ အရ ဒဏ်ကြေးငွေ တပ်ရိုက်ခံရမည့်အပြင် ပုဒ်မ ၇၈ အရ ရာဇဝတ်ကြောင်းအရ အရေးယူခြင်းခံရမည်ဖြစ်ပြီး စာရွက်စာတမ်းအထောက်အထားများကို ထိန်းသိမ်းရန် ပျက်ကွက်ပါက ပုဒ်မ ၇၀ အရ ဒဏ်ကြေးငွေ တပ်ရိုက်ခံရမည်ဖြစ်ပါသည်။ ထို့ပြင် ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာနှင့် ဝင်ငွေကြေညာလွှာအပါအဝင် မှားယွင်းနေသော စာရွက်စာတမ်းအထောက်အထားများကို တင်ပြခြင်းသည် ရာဇသတ်ကြီး (Penal Code) ပုဒ်မ ၁၇၇ အရ ပြစ်မှုမြောက်ပါသည်။

၁၁။ ထို့ကြောင့် ဒဏ်ကြေးငွေတပ်ရိုက်ခံရခြင်းနှင့် ရာဇဝတ်ကြောင်းအရ ပြစ်ဒဏ်များချမှတ်ခံရခြင်းမှ လွတ်ကင်းစေရန် အခွန်ကြေညာလွှာများတွင် အချက်အလက်များ မှန်ကန်တိကျစွာ ဖြည့်သွင်းရမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းများအား အသိပေးလိုပါသည်။

၁၂။ ဤလိုက်နာကျင့်သုံးရန် သတ်မှတ်ချက်ကို လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်သည်။

မင်းထွန်း
ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**Aung Royal Machine Co.,Ltd** ကို
မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၉၂ (က) အရ
အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာချက်

၁။ **Aung Royal Machine Co.,Ltd** ကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂. ၁. ၂၀၂၀) နေ့တွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ခိုင်စုအောင် [၁၂/ကမရ (နိုင်) ០၅၂၅၈၂] အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်-ရရန်ရှိသည်များကို (၃. ၂. ၂၀၂၀) နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ခိုင်စုအောင်ထံ အထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

U Soe Aung
Managing Director
Aung Royal Machine Co.,Ltd

Daw Khaing Su Aung
(B.Com, CPA)
Liquidator
No.16, Yadanar Street, Ward (3),
Kamayut Township, Yangon.

Notice Under Section 208 (E) Myanmar Companies Act
**Myanmar National Industrial Gases Limited**
(Members Voluntary Winding-up)
Invitation to Final Meeting

A Final meeting of Myanmar National Industrial Gases Co.,Ltd will be help on (4.2.2020) at Bldg No. (N), Room No (7), Shwe Myint Zhu Lane, Shwe Ponenyat Avenue, Kamayut Township, Yangon Region, Myanmar-

- Liquidator's report and return will be presented at the meeting.
- All members are invited to attend.

U Zin Wai
[B.Com, CPA (210)]
Liquidator

In the Matter of the Myanmar Companies Law (2017) and

**SCCP LAKESIDE COMPANY LIMITED**

**(Registration No.113814578)**

Notice of Special Resolutions for voluntary Winding-up of the Company and Claims Notice pursuant to section 345 & 348

**Notice of Special Resolutions**

At a Special General Meeting of the Company held at 2 Nassim Road, Singapore 258370 at 10:00 am (Singapore time) on 26th December 2019, the following resolutions were passed as Special Resolutions:-

- That the Company be and is hereby wound up voluntarily under the provisions of Myanmar Companies Law 2017 to be effective from 26th December 2019.
- That Daw Tin Tin Yee (No.24/C, Room-4, 1st floor, Yaw Min Gyi Street, Dagon Township, Yangon) is hereby appointed as Liquidator of the Company for the purpose of such winding up and be authorized to carry on the business of the Company to such extent and for such period as may be necessary for the beneficial winding up thereof and be granted such other powers as may be deemed fit or proper.

**Claims Notice**

The undersigned Liquidator of the above named Company has fixed 3rd February 2020 as the day on or before which the creditors of the Company are to prove their debts or claims otherwise they will be excluded from the benefit of any distribution made.

All persons claiming to be creditors of the above Company are, therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidator at the address given below before the above date.

Daw Tin Tin Yee
Liquidator
No.24/C, Room-4, 1st floor,
Yaw Min Gyi Street, Dagon Township,
Yangon.

**HTAKE TAN OO COMPANY LIMITED**

ဖျက်သိမ်းရန် ကြေညာချက်

၁။ **HTAKE TAN OO CO., LTD** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၅. ၁၁. ၂၀၁၉) နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၆၁/ခ)၊ (၅) လမ်း၊ (၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေ ဦးဆန်းထွန်း [၁၂/သလန (နိုင်) ၀၃၃၂၅၉] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးဆန်းထွန်းထံ ဆက်သွယ် ဆောင်ရွက်နိုင်ရန် ကြေညာလိုက်သည်။

AUNG NYAN
MANAGING DIRECTOR
HTAKE TAN OO CO., LTD

ဦးဆန်းထွန်း
(B.Com, CPA, F.B.S.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
HTAKE TAN OO CO., LTD
(ဖျက်သိမ်းဆဲ)

## သရက်သီးဈေးကွက်ဝန်ဆောင်မှုကုမ္ပဏီလီမိတက်

## (Mango Marketing Services Co.,Ltd)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၄၈ အရ

အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းကြောင်းကြေညာခြင်း

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အထွေထွေ အစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်အရ **သရက်သီးဈေးကွက်ဝန်ဆောင်မှုကုမ္ပဏီလီမိတက် (Mango Marketing Services Co.,Ltd)** ကို အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် (၂၀-၁၁-၂၀၁၉) ရက်နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ကြပါသည်။ ယင်းကဲ့သို့ စာရင်းရှင်းလင်းဖျက်သိမ်းရာ၌ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် ဒေါ်စန်းစန်းမော် (B. Com, CPA) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်ဆုံးဖြတ်ခဲ့ကြပါသည်။

သို့ဖြစ်၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာတင်ပြပြီး တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းမော်
(B. Com, CPA)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
09253254656

## ဝေ့ (ဗ်) ဒီဂျစ်တယ်လီမိတက်

## (Wave Digital Limited)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၃၄၈ အရ

ကုမ္ပဏီကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အထွေထွေ အစည်းအဝေးတွင် **ဝေ့ (ဗ်) ဒီဂျစ်တယ်လီမိတက် (Wave Digital Limited)** ကို အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် (၂၀-၁၁-၂၀၁၉) ရက်နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ကြပါသည်။ ယင်းကဲ့သို့ စာရင်းရှင်းလင်းဖျက်သိမ်းရာ၌ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် ဒေါ်စန်းစန်းမော် (B. Com, CPA) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

သို့ဖြစ်၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာတင်ပြပြီး တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းမော်
(B. Com, CPA)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
09253254656

## မန်းဂိုးမီဒီယာလီမိတက်
## (Mango Media Limited)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၄၈ အရ
အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းကြောင်းကြေညာခြင်း

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အထွေထွေ အစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်အရ **မန်းဂိုးမီဒီယာလီမိတက် (Mango Media Ltd)** ကို အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် (၂၀-၁၁-၂၀၁၉) ရက်နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ကြပါသည်။ ယင်းကဲ့သို့ စာရင်းရှင်းလင်းဖျက်သိမ်းရာ၌ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် ဒေါ်စန်းစန်းမော် (B. Com, CPA) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

သို့ဖြစ်၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာတင်ပြပြီး တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းမော်
(B. Com, CPA)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
09253254656

## မန်းဂိုးစတင်ပီအာကုမ္ပဏီလီမိတက်
## (Mangosteen PR Co., Ltd)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၄၈ အရ
အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းကြောင်းကြေညာခြင်း

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အထွေထွေ အစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်အရ **မန်းဂိုးစတင်ပီအာကုမ္ပဏီလီမိတက် (Mangosteen PR Co., Ltd)** ကို အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် (၂၀-၁၁-၂၀၁၉) ရက်နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ကြပါသည်။ ယင်းကဲ့သို့ စာရင်းရှင်းလင်းဖျက်သိမ်းရာ၌ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် ဒေါ်စန်းစန်းမော် (B. Com, CPA) အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

သို့ဖြစ်၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာတင်ပြပြီး တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းမော်
(B. Com, CPA)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
09253254656

**မှတ်တမ်းများ ခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက်**

**(DIARIES TRAVELS & TOURS COMPANY LIMITED)**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ -၃၄၈ အရ

ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းကြောင်း ကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၂) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါ ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို အစုရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု (ဖမ်မက်ကုမ္ပဏီလီမိတက်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှ စ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်။

ဦးပြည့်ဖြိုးထွန်း
မန်နေးဂျင်းဒါရိုက်တာ
မှတ်တမ်းများ ခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက်

ရရန်ရှိသည့် ကြွေးများတောင်းခံရန်သတိပေးခြင်း (Claim Notice)

**မှတ်တမ်းများ ခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက်**

**မှတ်တမ်းများ ခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက်** ၏ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဖြစ်သော ကျွန်ုပ်ထံသို့ (၁-၂-၂၀၂၀) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသောကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါ နေ့ရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ကုမ္ပဏီလီမိတက်
အမှတ် (၆၃၅ - အေ-၁)၊ အခန်း (အေ-၃)၊ (ဘီ-၃)၊ (၂) ရပ်ကွက်၊
ရိုးမရိပ်သာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉ ၇၉၂၂၃၃၁၅၉၊ ၀၁ ၂၃၀၄၃၄၉

## China Machinery Industry Engineering Corporation (Myanmar) Ltd

Notice Under Section 206 (1) Myanmar Companies Act
(Members Voluntary Winding-up)

Notice is hereby given that in accordance with the special resolutions of members meeting held (30.12.2019) Zone A-03-03, Golden City Business Center, Yankin Road, Yankin Township, Yangon, Myanmar and it was resolved as required by section 206 (1) Myanmar Company Act:

(1) **China Machinery Industry Engineering Corporation (Myanmar) Ltd** is winding up voluntarily with effectiveness from (30.12.2019) .And **U Myo Thet Tun** has been appointed at Liquidator and with effectiveness from (30.12.2019).

(2) All debtors and creditors shall claim their debts with evidence documents to the liquidator within one month start from (3.1.2020).

Mr. Zhang Lehao
Managing Director
China Machinery Industry Engineering
Corporation (Myanmar) Ltd

U Myo Thet Tun
Liquidator
China Machinery Industry Engineering
Corporation (Myanmar) Ltd

NOTICE PURSUANT TO THE SECTION 348 OF THE MYANMAR COMPANIES LAW

**RECHARGE MYANMAR LIMITED (MEMBERS' VOLUNTARY WINDING UP)**

(Company Registration No. 122234665)

The Special Resolution of the General Meeting of **RECHARGE MYANMAR LIMITED** on 27th December 2019, and it was resolved:-

(1) that **RECHARGE MYANMAR LIMITED** be wound up voluntary with effect from (27-12-2019).

(2) that be appointed the following persons as Liquidators of the Company for by members' voluntary winding up.

**LIQUIDATORS**

Mr.PERUMPULLIPATT PAYOORAYIL FASALU
RECHARGE MYANMAR LIMITED
No.(40), 67th Street, Ward No. (2),
Botahtaung Township, Yangon Region,
Myanmar

U YE NOOS
(LL.B)
Supreme Court Advocate
YE NOOS & ASSOCIATES (Law Firm)
No. 176 (First Floor), Botahtaung Pagoda Road,
Pazundaung Township, Yangon Region, Myanmar
Ph:01-203023, 01-397234

The creditors of **RECHARGE MYANMAR LIMITED** are, therefore, requested to submit their claims together with supporting legal documents to the liquidators at the addresses given above, latest by 27th January 2020.

Mr. PUTHIYAVEETTIL ABDUL GAFOOR NIAZAHAMED
RECHARGE MYANMAR LIMITED

ပ၊ ထ၊ န - အမှတ် ၅၄၃/၁၉/ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၃-၁-၂၀၂၀။